Livelihoods and Food Security Trust Fund

# အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ(LIFT)

## အပူပိုင်းဇုံ

## ရန်ပုံငွေလျှောက်လွှာ ခေါ်ယူခြင်း/ အဆိုပြုလွှာ ဖိတ်ခေါ်ခြင်း(CfPs)

| | | |
|---|---|---|
| **ရည်ညွှန်းအမှတ်** | - | CfCN/LIFT/2015/1/DryZone |
| **သတင်းထုတ်ပြန်သည့်နေ့** | - | ၂၄.၄.၂၀၁၅ |
| **လျှောက်လွှာပိတ်ရက်** | - | ၅.၆.၂၀၁၅ (နေ့လယ် ၁၂နာရီ) |
| **ခေါင်းစဉ်** | - | အပူပိုင်းဇုံဒေသစီမံကိန်း |
| **အချိန်ကာလ** | - | ရန်ပုံငွေခွင့်ပြုသည့်ကာလ ၂၀၁၅ခုနှစ်၊ စက်တင်ဘာလ၊ ၁ရက်နေ့မှ ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ မလွန်ခင်အချိန်အထိ |

### နောက်ခံသမိုင်း

အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ(LIFT)သည် မြန်မာပြည်တွင် ၂၀၀၉ခုနှစ်၌ စတင်တည်ထောင်ခဲ့သည့် အလှူရှင်ပေါင်းစုံထည့်ဝင်လှူဒါန်းသည့် ရန်ပုံငွေဖြစ်ပြီး အဓိကရည်မှန်းချက်မှာ ဆင်းရဲနွမ်းပါးသော လူဦးရေပမာဏအား ထက်ဝက်ခန့်အထိလျှော့ချနိုင်ရန်ဖြစ်သည်။ LIFTသည် လက်ရှိအချိန်အထိ အလှူရှင် ၁၃[1]ဖွဲ့ထံမှ ရန်ပုံငွေများလက်ခံရရှိခဲ့ပါသည်။ ကုလသမဂ္ဂစီမံကိန်းများရုံး (UNOPS)သည် ရန်ပုံငွေများအား စီမံခန့်ခွဲ၍ ကြီးကြပ်ကွပ်ကဲပေးသည့် ရန်ပုံငွေစီမံခန့်ခွဲသူ(FM)ဖြစ်ပါသည်။

LIFTသည် မြန်မာနိုင်ငံ၏ အဓိက စိုက်ပျိုးစီးပွားဒေသကြီး(၄)ခုဖြစ်သော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ ရခိုင်ကမ်းရိုးတန်းဒေသ၊ အပူပိုင်းဒေသ(မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတိုင်းတောင်းပိုင်း အပါအဝင်)နှင့် ချင်း၊ ကချင်နှင့် ရှမ်းကုန်းမြင့်တောင်တန်းဒေသများတွင် လုပ်ဆောင်လျက်ရှိပါသည်။

LIFTသည် အပူပိုင်းဒေသတွင် ၃နှစ်သက်တမ်း စီမံချက်ပေါင်း (၁၁)ခုဖြင့် လုပ်ငန်းများကို ၂၀၁၁ခုနှစ်တွင် စတင်ခဲ့သည်။ ဤစီမံချက်များသည် အပူပိုင်းဒေသတစ်ပှမ်း၌ ကဏ္ဍအမျိုးမျိုး(စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေအရင်းအမြစ် စီမံခန့်ခွဲမှု၊ လူထုအခြေပြုဖွံ့ဖြိုးမှု၊ ငွေစုငွေချေးအဖွဲ့များ၊ ကုန်စည်လဲလှယ်စီးဆင်းမှု ဖွံ့ဖြိုးရေး၊ လယ်သမား အဖွဲ့ အစည်းများနှင့် လူမှုရေး စောင့်ရှောက်မှုလုပ်ငန်းများ)ကို ဆောင်ရွက်ခဲ့သည်။ အချို့သောစီမံကိန်းများအား ပိုမို ခိုင်မာ ကောင်းမွန်သော ရလဒ်များ ရရှိရန်အတွက် ၂၀၁၅အထိ သက်တမ်းတိုးမြှင့်ခဲ့သည်။ LIFTမှ ထောက်ပံ့သော စီမံကိန်းများနှင့် အပူပိုင်းဇုန်လုပ်ငန်းများအား ပံ့ပိုးပေးသော အခြားစီမံကိန်းများ[2] အား ကိုးကား၍ အပူပိုင်းဇုံ စီမံချက်များမှ ရရှိခဲ့သော သင်ခန်းစာများကို အစီရင်ခံစာတစ်ခုအဖြစ် စုစည်းပြုစုထားပါသည်။ ထို့ပြင် အပူပိုင်းဒေသ စီမံကိန်းအသစ်၏ အနာဂတ်ရည်မှန်းချက်များ ချမှတ်ရေးအတွက် လုပ်ငန်းအဖွဲ့(၅)ဖွဲ့ကလည်း ၎င်းတို့၏ အပူပိုင်းဒေသစီမံကိန်း အတွေ့အကြုံများအား ဖော်ထုတ်သွားရန် ရှိပါသည်။

[1] ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလအထိ ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ဗြိတိန်၊ အမေရိကန်နိုင်ငံတို့မှ အလှူငွေများထည့်ဝင်ပေးထားပြီး ပုဂ္ဂလိကကဏ္ဍအနေဖြင့် မစ်ဆူဘီရှီမှလည်း ပါဝင်ပါသည်။

[2] Kemple Susanne, 2013, Lessons learned from livelihoods interventions in the Dry Zone of Myanmar, available at www.lift-fund.org under LIFT Publications 2013

## အဆိုပြုလွှာဖိတ်ခေါ်ရခြင်း ဦးတည်ချက်များ

The LIFTရန်ပုံငွေဘုတ်အဖွဲ့သည် အစောပိုင်းစီမံကိန်းများမှ ရရှိသောသင်ခန်းစာများပေါ် အခြေခံ၍ အပူပိုင်းဇုန် စီမံကိန်းအသစ်ကို ဖော်ထုတ်လုပ်ဆောင်ရန် သဘောတူညီထားသော်လည်း ဗဟိုအပူပိုင်းဒေသ၏ မြို့နယ်(၆)ခုကိုသာ ဦးစားပေးအလေးထားလုပ်ဆောင်သွားမည်ဖြစ်သည်။ အပူပိုင်းဇုန်စီမံကိန်းအသစ်သည် ပြီးခဲ့သည့်စီမံကိန်းများ၏ အကျိုးသက်ရောက်မှုအား ပိုမိုတိုးမြှင့်နိုင်ရန်၊ LIFT၏ နည်းဗျူဟာအသစ်တွင် အထောက် အကူဖြစ်စေရန်နှင့် ၎င်းနည်းဗျူဟာ၏ မြင့်မားသောရလဒ်များဖြစ်သည့် ဝင်ငွေ၊ ရပ်တည်နိုင်စွမ်း၊ အာဟာရနှင့် ဆင်းရဲနွမ်းပါးသူများ အကျိုးဖြစ်ထွန်းစေမည့် (pro-poor)မူဝါဒလွှမ်းမိုးမှုအစရှိသည်တို့အားတိုးတက်လာစေရန် ရည်ရွယ်သည်။ အလားအလာရှိသော အသေးစား လုပ်ငန်းရှင်များ(တက်လှမ်း(ဂါ) စွမ်းရည်မြှင့်တင်ခြင်း)၊ စိုက်ပျိုးရေး မဟုတ်သော အခြားအခွင့်အလမ်းများကို ရှာဖွေနေသူများ(ထွက်ခွာ(ဂါ) သမာရိုးကျမှ စွန့်ခွာစွန့်စားခြင်း)၊ နှင့် ဘဝရပ်တည် လုံခြုံမှုလိုအပ်နေကြသော အိမ်ထောင်စုများ (တောင့်ထား)အား အဓိကဦးတည်ဆောင်ရွက်သွားရန် ရည်ရွယ်သည်။ စည်းမျဉ်းသတ်မှတ်ချက်များအား LIFT၏ မဟာဗျူဟာ ဝက်ဘ်စာမျက်နှာတွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။See LIFT’s strategy for more explanation on the terms in italics (http://www.lift-fund.org/strategy) လက်ရှိအချိန်၌ LIFTသည် ၎င်း၏ အပူပိုင်းဒေသစီမံကိန်းအား အကောင်ဖော်ဆောင်နိုင်ရန်အရည်အချင်းပြည့်မီသော အဖွဲ့အစည်းများ[3]၏ အဆိုပြုလွှာများအား ခေါ်ယူလျက်ရှိပါသည်။

## ရန်ပုံငွေခွဲဝေချထားခြင်း

အပူပိုင်းဒေသ စီမံကိန်း၏ ဖော်ပြချက်အပြည့်အစုံအားကြည့်ရန်အတွက် အပူပိုင်းဒေသ စီမံကိန်း အခြေခံ မူဘောင်အား ကိုးကားပါရန်-အပူပိုင်းစီမံကိန်းအခြေခံမူဘောင်တွင် အပိုင်း(၇)ပိုင်း ပါဝင်ပါသည်။ **ဤအဆိုပြုလွှာတွင် အပိုင်း(၃)ပိုင်း(အပိုင်း ၄၊ ၅နှင့် ၆)သာ အကျုံးဝင်ပါသည်။** အပူပိုင်းဒေသစီမံကိန်း၏ အခြားအပိုင်းများ(၁၊ ၂၊ ၃နှင့် ၇)တို့၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်မှု များအတွက် ဤအဆိုပြုလွှာခေါ်ယူမှုတွင် မပါဝင်ပါ။ ဤတင်သွင်းမှု၌ မပါဝင်သော အပိုင်းများ၏ အသေးစိတ်အချက်အလက်များအတွက် အပူပိုင်းဒေသစီမံကိန်းအခြေခံမူဘောင်အား ကိုးကားကြည့် နိုင်သည်။

| **အပိုင်း အမှတ်** | ***အမည်*** | **အဆိုပြုလွှာ ဖိတ်ခေါ်ခြင်း၌ ပါဝင်မှု** | **ရည်ညွှန်း ခွဲဝေချထားမှု (အမေရိကန်ဒေါ်လာ)** |
|---|---|---|---|
| အပိုင်း ၁ | *ကျေးလက်ဒေသငွေကြေး ဝန်ဆောင်မှု* | မပါဝင် | ၁၆သန်း |
| အပိုင်း ၂ | *မွေးမြူရေး* | မပါဝင် | ၆သန်း |
| အပိုင်း ၃ | *မျိုးစေ့ထုတ်လုပ်ခြင်း* | မပါဝင် | ၇သန်း |
| အပိုင်း ၄ | *လယ်ယာ အကြံပေးဂန်ဆောင်မှုများ* | ပါဝင် | ၄.၅သန်း |
| အပိုင်း ၅ | *အာဟာရ ဆိုင်ရာ* | ပါဝင် | ၁၃သန်း |
| အပိုင်း ၆ | *ကြံ့ကြံ့ခံနိုင်မှုနှင့် ခံနိုင်ရည်မဲ့မှု လျော့ချခြင်း* | ပါဝင် | ၃.၅သန်း |
| အပိုင်း ၇ | *ဒေသခံများ၏ စွမ်းဆောင်ရည်* | အပါဝင် | ၂သန်း |
| **စုစုပေါင်း** | | | **၅၂သန်း** |

အကျုံးဝင်သော အပိုင်း(၃)ပိုင်းအတွက် လျာထားငွေစာရင်းစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၂၁သန်းဖြစ် ပါသည်။

[3] From LIFT operational guidelines “Eligible implementing partners include the Government of Myanmar, international and national non-governmental organisations, United Nations agencies, other international organisations, academic or research institutions and private sector companies.”

ဤအဆိုပြုလွှာတင်သွင်းခြင်းမှ သဘောတူညီမှုချုပ်ဆိုမှု လုပ်ငန်းများသည် ၂၀၁၈ခုနှစ် ဒီဇင်ဘာလအား ကျော်လွန်၍ မရပါ။

## အဆိုပြုလွှာတင်သွင်းခြင်း

တင်သွင်းခြင်းအတွက်ပြင်ဆင်ရာတွင် အဓိကကျသည့် စာရွက်စာတမ်းများ-

က) နောက်ဆက်တွဲ ၁ - အဆိုပြုလွှာများ၏ လွှမ်းခြုံမှုအတိုင်းအတာ
ခ) နောက်ဆက်တွဲ ၂ အဆိုပြုလွှာတင်သွင်းခြင်းအတွက် လိုအပ်ချက်များ
ဂ) နောက်ဆက်တွဲ ၃ - စိစစ်ရွေးချယ်ခြင်းအတွက် LIFTမှ သတ်မှတ်ချက်များ
ဃ) နောက်ဆက်တွဲ ၄ - ရည်ညွှန်းသတ်မှတ်ထားသော စီမံကိန်းကျေးရွာများစာရင်း။

အဆိုပြုလွှာတင်သွင်းရာတွင် အောက်ပါအချက်များအား ကျေးဇူးပြု၍ သတိပြုပေးပါ-

- အဆိုပြုလွှာများအား နောက်ဆက်တွဲ(၁)တွင် ဖော်ပြထားသည့်လိုအပ်သော သတ်မှတ်ပုံစံအတိုင်း အင်္ဂလိပ်ဘာသာ သို့မဟုတ် မြန်မာဘာသာနှင့် ပြင်ဆင်ရမည်။

- အဆိုပြုလွှာနှင့်အတူ အဓိကကျသော ဝန်ထမ်း၏ ကိုယ်ရေးအချက်အလက်အား ထည့်သွင်းပေးရမည်။

- အဆိုပြုလွှာများအား အောက်ပါအီးမေးလိပ်စာ (lift.proposals.mmoh@unops.org)မှ **၂၀၁၅ခုနှစ်၊ ဇွန်လ၊ ၅ရက်**၊ ရန်ကုန်စံတော်ချိန် နေ့လယ် ၁၂နာရီ (GMT+6:30) အထိ လက်ခံသွားမည်ဖြစ်သည်။ အထက်တွင်ဖော်ပြထားသော အီးမေးလ်လိပ်စာမှအပ အခြားမည့်သည့်လိပ်စာဆီသို့ မတင်သွင်းရပါ၊ သို့မဟုတ်ပါက **ထိုအဆိုပြုလွှာများအားထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။** အီးမေးလ်တစ်စောင်၏ အရွယ်အစားသည် စာနှင့်တွဲဘက်ပို့သော စာရွက်စာတမ်းအပါအဝင် ၅မဂ္ဂါဗိုက်(5MB) အထက် မကျော်လွန်ရပါ။

- အဆိုပြုလွှာ စာရွက်စာတမ်းအပြည့်အစုံကိုလည်း LIFTရန်ပုံငွေစီမံခန့်ခွဲရေးရုံး၊ အမှတ် ၁၂(အို)၊ ပြည်သူ့လမ်း၊ ၇မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ သို့ အထက်တွင်ဖော်ပြခဲ့သော နေ့ရက်၊ အချိန် မတိုင်မီ ပေးပို့ရမည်။ **အီးမေးနှင့်တကွ စာရွက်စာတမ်းအပြည့်အစုံကို သတ်မှတ်ထားသည့်အချိန်မတိုင်ခင်ပေးပို့နိုင်ခြင်းမရှိပါက အဆိုပါ အဆိုပြုလွှာများအား ထုတ်ပယ်မည်ဖြစ်သည်။**

- အဆိုပြုလွှာအား ပြင်ဆင်ချိန်နှင့် ရန်ပုံငွေ သဘောတူညီချက်ရရှိရေး ညှိနှိုင်းဆွေးနွေးစဉ်ကာလ အတွင်း ကုန်ကျစရိတ်များ(ခရီးသွားလာစရိတ်အပါအဝင်)အား ပြန်လည်ထုတ်ပေးမည် မဟုတ်သကဲ့သို့ လုပ်ငန်း၏ တိုက်ရိုက်ကုန်ကျစရိတ်၌လည်း ထည့်သွင်းခွင့်မရှိပါ။

အခြား မရှင်းလင်းသော အကြောင်းအရာများအတွက် lift@unops.org ဆက်သွယ်မေးမြန်းနိုင်ပါသည်။ ရှင်းလင်းချက်များအား အောက်ဖော်ပြပါ ဝက်ဘ်ဆိုဒ်များ တွင် ဖော်ပြထားမည်ဖြစ်သည်။

http://lift-fund.org

https://www.unops.org/english/Opportunities/suppliers/Pages/Grant-advertisement.aspx

အခြားသတိပြုရန်တစ်ခုမှာ အရွေးချယ်ခံရသူများသည် http://www.lift-fund.org/guidelines တွင် ဖော်ပြထားသည့် LIFT၏လုပ်ငန်းဆောင်ရွက်ရေး လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သည်။ လမ်းညွှန်ချက်များတွင် အစီရင်ခံခြင်း၊ ဝယ်ယူခြင်း၊ စာရင်းများ စီမံခန့်ခွဲခြင်း၊ မှတ်တမ်းထိန်းသိမ်းခြင်းနှင့် ထင်လင်းမြင်သာစေခြင်းတို့နှင့် သက်ဆိုင်သော LIFT၏ စည်းမျဉ်းသတ်မှတ်ချက်များအား ဖော်ပြထားသည်။

## အဆိုပြုလွှာ စိစစ်ရွေးချယ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းစဉ်

သုံးသပ်အကဲဖြတ်ရေး ကော်မတီ(Evaluation Committee- EC)သည် အဆိုပြုလွှာတစ်ခုချင်းစီ၏ နည်းပညာ ပိုင်းနှင့် အဖွဲ့အစည်းဆိုင်ရာစွမ်းဆောင်ရည်နှင့် ဘဏ္ဍာရေး သုံးသပ်မှုများအား လုပ်ဆောင်မည်ဖြစ်သည်။ အကဲဖြတ် လုပ်ငန်းစဉ်၏ ဤသုံးသပ်ခြင်း၏ တစ်စိတ်တစ်ဒေသအဖြစ် LIFT သည် အဆိုပြုလွှာများ၏ နည်းပညာဆိုင်ရာ၊ ကုန်ကျစရိတ် သို့မဟုတ် တင်သွင်းသူများနှင့် စပ်လျဉ်းသော အခြားကဏ္ဍများအကြောင်းကို ဆွေးနွေးနိုင်ရန် ရွေးချယ်မည်ဖြစ်သည်။ သုံးသပ်အကဲဖြတ်ရေးကော်မတီသည် အဆိုပြုလွှာများအား အဆင့်(၃)ဆင့်ဖြင့် စိစစ်ရွေးချယ် သွားမည် ဖြစ်သည်။

၁။ ပဏာမအဆင့် ရွေးချယ်ခြင်း

- LIFT၏ မဟာဗျူဟာ၊ အပူပိုင်းဒေသ စီမံကိန်းအခြေခံမူဘောင်တို့နှင့် ညီညွတ်မှုမရှိသော သို့မဟုတ် နောက်ဆက်တွဲ(၃)၌ ဖော်ပြထားသော သတ်မှတ်ချက်များနှင့် ပြည့်မီခြင်းမရှိသော အဆိုပြုလွှာ များအား ပယ်ဖျက်မည်ဖြစ်သည်။ အခြားအဆိုပြုလွှာများကိုမူ ဆက်လက်အကဲဖြတ်ရန် ရွေးချယ်သွား မည် ဖြစ်သည်။

၂။ နောက်ဆုံးအဆင့်ရွေးချယ်ခြင်း

- သုံးသပ်အကဲဖြတ်ရေးကော်မတီသည် နောက်ဆက်တွဲ(၃)မှ သတ်မှတ်ချက်များနှင့်အညီ အဆိုပြုလွှာ များအား အကဲဖြတ်သွားမည်ဖြစ်သည်။
- နောက်ဆုံးအဆင့်ရွေးချယ်ခြင်းခံရသော အဆိုပြုလွှာများ၏ တင်သွင်းသူများသည် လူတွေ့စစ်ဆေး ခြင်း၌ ၎င်းတို့၏ ဆောင်ရွက်ပုံနည်းလမ်းများအား တင်ပြကာ သုံးသပ် အကဲဖြတ်ရေးကော်မတီ၏ မေးခွန်းများဖြေဆိုပေးကြရမည်ဖြစ်သည်။

၃။ အဆိုပြုလွှာ ပြန်လည်သုံးသပ်ပြင်ဆင်ခြင်း

- LIFTသည် နောက်ဆုံးအဆင့်တွင် ရွေးချယ်ခြင်းခံရသော အဆိုပြုလွှာများအနက်မှ မည်သည့် အဆိုပြုလွှာတို့သည် ထပ်မံရှင်းလင်းချက်များ၊ ပြန်လည်သုံးသပ်ချက်များ လိုအပ်ကြောင်း အဆုံးအဖြတ်ပေးမည်ဖြစ်သည်။ တင်သွင်းသူများသည် သုံးသပ်အကဲဖြတ်ရေး ကော်မတီ၏ မေးခွန်းများ၊ မှတ်ချက်များအပေါ်အခြေခံ၍ အဆိုပြုလွှာအား ပြန်လည် သုံးသပ်ပြင်ဆင်ရန်အတွက် အချိန် အများဆုံး ရက်သတ္တပါတ် ၂ပတ် ခန့်ရရှိမည်ဖြစ်သည်။
- ကော်မတီသည် ပြန်လည်ပြင်ဆင်ထားသည့် အဆိုပြုလွှာအပေါ်မူတည်၍ အချိန်နှင့်တစ်ပြေးညီ အကဲဖြတ်ပေးမည်ဖြစ်သည်။

အရွေးချယ်ခံရသော အဆိုပြုလွှာများသည် LIFT ရန်ပုံငွေစီမံခန့်ခွဲသူဖြစ်သော UNOPSနှင့် ရန်ပုံငွေသဘောတူညီမှု ရရှိပြီးချိန်တွင် အဆိုပြုထားချက်အား စတင်အကောင်အထည်ဖော်ဆောင်ရမည်ဖြစ်သည်။ ရွေးချယ်ခြင်း မခံရသော အဆိုပြုလွှာများအား ပြန်လည်ပေးပို့မည်မဟုတ်ပါ။

## အစီအစဉ် အချိန်ဇယား

LIFTသို့ အဆိုပြုလွှာနောက်ဆုံးတင်သွင်းရမည့် အချိန်၊ နေ့ရက်မှအပ အောက်တွင်ဖော်ပြထားသော နေ့ရက်များသည် အကြမ်းဖျဉ်းသတ်မှတ်ချက်သာဖြစ်သည်။ သုံးသပ်အကဲဖြတ်ကော်မတီသည် အဆိုပြုလွှာများအား အကဲဖြတ်ရွေးချယ်ရာတွင် လျင်မြန်နိုင်သကဲ့သို့ အချိန်ပိုယူရသည့် ဖြစ်စဉ်မျိုးရှိနိုင်ပါသည်။

| ***အစီအစဉ် အကြောင်းအရာ*** | ***နေ့ရက်*** |
|---|---|
| အဆိုပြုလွှာဖိတ်ခေါ်ခြင်း သတင်းထုတ်ပြန်ရက် | ၂၀၁၅ခုနှစ်၊ ဧပြီလ၊ ၂၄ရက် |
| စုံစမ်းမေးမြန်းမှုများ ရေးသားပေးပို့နိုင်သော နောက်ဆုံးရက် | ၂၀၁၅ခုနှစ်၊ မေလ၊ ၁၅ရက် |

| | |
|---|---|
| ပြန်လည်ဖြေကြားချက်များ ရေးသားထုတ်ဝေရက် | ၂၀၁၅ခုနှစ်၊ မေလ ၂၂ရက်နေ့ အထိ |
| **အဆိုပြုလွှာ နောက်ဆုံးထားတင်သွင်းရမည့်အချိန်** | **၂၀၁၅ခုနှစ်၊ ဇွန်လ၊ ၅ရက်၊ နေ့လယ် ၁၂နာရီ** |
| ပဏာမရွေးချယ်ခြင်း | ၂၀၁၅ခုနှစ်၊ ဇွန်လ၊ ၅ရက်မှ ၁၉ရက်နေ့အထိ |
| နောက်ဆုံးအဆင့်ရွေးချယ်ခြင်း | ၂၀၁၅ခုနှစ်၊ ဇွန်လ ၁၉ရက်နေ့မှ ဇူလိုင်လ ၂၄ရက်နေ့အထိ |
| ရန်ပုံငွေ သဘောတူညီမှုအတွက် ညှိနှိုင်းခြင်း | ၂၀၁၅ခုနှစ်၊ ဩဂုတ်လနှင့် စက်တင်ဘာလ |

## နောက်ဆက်တွဲ ၁ - အဆိုပြုလွှာများ၏ လွှမ်းခြုံမှုအတိုင်းအတာ

တင်သွင်းသူသည် အဆိုပြုထားသော အကောင်အထည်ဖော်ဆောင်ရွက်ချက်များသည် LIFT၏ မဟာဗျူဟာ(http://www.lift-fund.org/strategy) နှင့် အပူပိုင်းဇုန် စီမံကိန်း အခြေခံမူဘောင်(http://www.lift-fund.org/sites/lift-fund.org/files/uploads/Dry_Zone/Dry_Zone_programme_framework_-_24_April_15.pdf )တို့၌ ဖော်ပြထားသော အကျိုးရလဒ်များ၊ လက်ငင်းအကျိုးများနှင့် မည်မျှ ညီညွတ်မှုရှိကြောင်း ဖော်ပြရမည်။

အခြားသော LIFT၏ လမ်းညွှန်ချက်များအားလည်း အလျဉ်းသင့်သလို ထည့်သွင်းစဉ်းစားရမည်။ LIFT၏ ကျား-မ တန်းတူညီမျှမှုမဟာဗျူဟာ(http://www.lift-fund.org/guidelines)နှင့် LIFT၏ တာဝန်ခံမှုအခြေခံမူဘောင် (http://www.lift-fund.org/publications) တို့အား အထူးဂရုပြုရမည်။

အဆိုပြုသော စီမံချက်များသည် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော စီမံကိန်းအပိုင်းများနှင့်၎င်းတို့၏ သက်ဆိုင်ရာ အကျိုးရလဒ်များတွင် ပံ့ပိုးပါဝင်ကောင်းပါဝင်နိုင်မည်။ အဆိုပြုတင်သွင်းချက်များအားလုံးသည် ၎င်းတို့က အခြားအပိုင်း များအား အလျဉ်းသင့်သလို မည်သို့ဆက်နွယ်၊ ပံ့ပိုးနိုင်ကြောင်းနှင့် စားနပ်ရိက္ခာဖူလုံမှုနှင့် အာဟာရပြည့်ဝရေးအပေါ် ၎င်းတို့၏ သက်ရောက်မှုအကြောင်းတို့ကို ဖော်ပြရမည်။ အဆိုပြုလွှာများသည် ကျား-မအရေးအား မည်သို့ကိုင်တွယ် ကျင့်သုံးမည့်အကြောင်း ရှင်းလင်းတိကျစွာ ဖော်ပြထားရမည်ဖြစ်ပြီး စိုက်ပျိုးရေး လုပ်ငန်းများနှင့် သက်ဆိုင်သော အဆိုပြုလွှာများအနေဖြင့် ၎င်းတို့၏လုပ်ဆောင်ချက်များက ရာသီဥတုနှင့် လိုက်လျောညီထွေသော စိုက်ပျိုးရေးနှင့် မည်မျှ ညီညွတ်မှုရှိကြောင်းကို ရှင်းရှင်းလင်းလင်းဖော်ပြထားရမည်။

အဆိုပြုလွှာများအားလုံးသည် ဆင်းရဲနွမ်းပါးသူများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်စီးပွားတိုးတက်မြင့်မားရေး တို့ပေါ် အထောက်အကူပြုသော အသိုက်အဝန်းတစ်ခုဖန်တီးရန်အတွက်လေ့လာမှုပြုခြင်း၊အကျိုးတူပူးပေါင်းပါဝင်သူများအကြား ပူးပေါင်းဆောင်ရွက်ခြင်းနှင့် မူဝါဒလွှမ်းခြုံရေးတို့တွင် တင်သွင်းထားသောလုပ်ငန်း ဆောင်ရွက်ချက်များက မည်သို့ ပံ့ပိုးပါဝင်မှုပြုနိုင်ကြောင်း ရှင်းလင်းစွာ တင်ပြထားရမည်။

### ပထဝီအနေအထား လွှမ်းခြုံမှု

စီမံကိန်း၏ ကျေးရွာအဆင့်ဆောင်ရွက်ရေးလုပ်ငန်းသည် မြန်မာနိုင်ငံ၏ အပူပိုင်းဇုန်အတွင်း၌ တည်ရှိပြီး မြို့နယ်(၆) မြို့နယ်ကို ဦးတည်ဆောင်ရွက်သည်။ မကွေးတိုင်းဒေသကြီးတွင် ပခုက္ကူနှင့်ရေစကြို၊ မန္တလေးတိုင်း ဒေသကြီးတွင် မလှိုင်၊ မြင်းခြံ၊ တောင်သာနှင့် နွားထိုးကြီးတို့၌ လုပ်ဆောင်မည်။ ကျေးလက်ငွေကြေး(ငွေချေး)လုပ်ငန်းအပိုင်းနှင့် မျိုးစေ့အပိုင်းသည် အထက်ပါမြို့နယ်များအား ကျော်လွန်၍ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့်လည်း လုပ်ဆောင် သွားမည်ဖြစ်သည်။

မြို့နယ်တစ်မြို့နယ်စီတွင် လုပ်ငန်းများ မည့်သည့်နေရာတွင်ထားရှိရမည့် ဆွေးနွေးမှုများ စတင်နိုင်ရန်ရည်ရွယ်ထားသော ကျေးရွာ(၃၀)အား စာရင်းပြုစုထားသည်(နောက်ဆက်တွဲ-၄ အားကြည့်ရန်)။ ဤစာရင်းများသည် နောက်ဆုံးအတည်ပြု ထားခြင်း မဟုတ်ပါ၊ တင်သွင်းသူများ အနေနှင့် ၎င်းတို့ အဆိုပြုလွှာများ၏ လွှမ်းခြုံမှုအား မြို့နယ်စာရင်းအရ ကန့်သတ်ထားရန်မလိုပါ။ သို့သော် တင်သွင်းလွှာများတွင် လုပ်ငန်းလုပ်ဆောင်ရန် အဆိုပြုထားသောမြို့နယ်များ၊ ဆောင်ရွက်သွားမည့်ကဏ္ဍများနှင့်တကွ ကျေးရွာအရေအတွက်တို့ကို အသေးစိတ်ထည့်သွင်းဖော်ပြရမည်ဖြစ်သည်။

LIFTသည် အဆိုပြုသောကူညီပံ့ပိုးမှု လုပ်ဆောင်ချက်များသည် လုံလောက်သောလွှမ်းခြုံမှုရှိမရှိ၊ ဤစီမံကိန်း၌ တင်သွင်းထားသော အကောင်အထည်ဖော်ဆောင်မှုနည်းလမ်းသစ်အမျိုးမျိုးတို့နှင့် လိုက်လျောညီထွေမှုရှိမရှိ၊ သက်ရောက်မှုကောင်းကောင်းရရှိစေမည့် ပေါင်းစည်းအားရှိမရှိတို့ကို သေချာစေရန်အတွက် တင်သွင်းသူအချို့နှင့် အဆိုပြုလွှာပြင်ဆင်မှုအား ဆွေးနွေးသွားမည်ဖြစ်သည်။ တင်သွင်းသူများအား စီမံကိန်း၏လုပ်ငန်း ဆောင်ရွက်ချက်များအား အကျိုးရှိရှိနှင့် ထိထိရောက်ရောက်ဖြစ်ပြီး အကောင်းဆုံးသော လိုက်လျောညီထွေမှုရရှိနိုင်ရန်အတွက် အခြားသော အဖွဲ့အစည်းများနှင့်အတူ ပေါင်းစည်းအင်အားကိုပြသရန် တိုက်တွန်းပါသည်။

## ပူးပေါင်းမိတ်ဖွဲ့မှု

တင်သွင်းသူများသည် ၎င်းတို့၏ အဖွဲ့အစည်းနှင့် ၎င်းတို့အဆိုပြုထားသော မိတ်ဖက်အဖွဲ့တို့၌ သက်ဆိုင်ရာကျွမ်းကျင်မှုနှင့် လုပ်ငန်းခွင်မှအခြေခံသော အသိအမှတ်ပြုချဉ်းကပ်နည်းစနစ်တို့ ပိုင်ဆိုင်ကြောင်း ဖော်ထုတ်ပြသနိုင်ရမည်။

အဆိုပြုလွှာတင်သွင်းရာတွင် အခြားသော အဖွဲ့အစည်းများနှင့် မိတ်ဖက်ပြုရမည်ဟု သတ်မှတ်ချက်များ မရှိသော်လည်း တင်သွင်းသူများသည် ၎င်းတို့ဆောင်ရွက်မည့် လုပ်ဆောင်ချက်များ၌ ပေါင်းစည်းအားကို ပြသနိုင်ပြီး လိုအပ်ပါက (အထူးသဖြင့် အာဟာရဆိုင်ရာလုပ်ငန်းများအတွက်) မိတ်ဖွဲ့ပူးပေါင်းရန်LIFTအနေနှင့် တိုက်တွန်းအားပေးပါသည်။ တင်သွင်းသူများအနေနှင့် သင့်တော်မှန်ကန်သော ကျွမ်းကျင်သူများအား ရွေးချယ်စုစည်း၍ ၎င်းတို့၏အဖွဲ့အတွင်း အစိုးရဌာနများ နှင့်/သို့ ပုဂ္ဂလိကကဏ္ဍအချိတ်အဆက်များနှင့် ပတ်သက်သော အတွေ့အကြုံလုံလုံလောက်လောက် ရှိနေစေရပါမည်။

နိုင်ငံတကာအဖွဲ့အစည်းများမှ တင်သွင်းသောအဆိုပြုလွှာများတွင် သင့်လျော်သော အရပ်ဘက်အဖွဲ့အစည်းများ(CSOs) နှင့် မိတ်ဖက်ပူးပေါင်းမှုကို ထည့်သွင်းရန် တိုက်တွန်းအားပေးပါသည်။

## အဆိုပြုလွှာများမှ ဖော်ဆောင်ရမည့် အကျိုးရလဒ်များ

ဤအဆိုပြုလွှာတင်သွင်းခြင်းတွင် ပါဝင်သည့် အပူပိုင်းဇုံစီမံကိန်း အပိုင်း(၃)ပိုင်းမှ တစ်ခုစီတိုင်းတွင် စီမံချက်လုပ်ဆောင်ချက် အားလုံးကဖော်ဆောင်ရမည့် အဓိကအကျိုးရလဒ်တစ်ခုစီရှိပါသည်။ အကျိုးရလဒ်များနှင့် ၎င်းတို့အကြောင်းအား အောက်ပါအတိုင်းဖော်ပြထားပါသည်။

### *လယ်ယာ အကြံပေး ဝန်ဆောင်မှုများ (အပိုင်း-၄)*

ဤအပိုင်းသည် အသေးစားလယ်သမား (လုပ်ကွက်ငယ်လယ်သမား) များ အထူးအလေးပေး ဖြစ်ကြောင်း ပြသရမည်။

**<u>အကျိုးရလဒ်</u> - ရေရှည်တည်တံ့သော လယ်ယာ အကြံပေးဝန်ဆောင်မှုစနစ်များသည် မိုးရေသောက်နှင့် ဆည်ရေသွင်း လယ်ယာစိုက်ပျိုးရေးစနစ်များတွင် တိုးတက်သော စိုက်ပျိုးရိတ်သိမ်းရေးနည်းပညာများတည်ထောင်ခြင်းဖြင့် လယ်ယာစိုက်ပျိုးထုတ်လုပ်မှုနှင့်ဝင်ငွေတိုးပွားလာမှုတို့ကို ရရှိစေနိုင်မည်။**

- အသေးစားလယ်သမားများအတွက် လယ်ယာလုပ်ငန်းနည်းပညာများနှင့် ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်သော စိုက်ပျိုးရေး သတင်းအချက်အလက်များအား လက်လှမ်းမီနိုင်ရန် ကူညီပေးနိုင်သည့် အစဉ်လည်ပတ်လျက်ရှိသော စုပေါင်းစနစ်များအား တည်ထောင်ခြင်း။

- LIFT၏ အပူပိုင်းဇုံ ကျေးလက်ငွေကြေး(ချေးငွေ)အပိုင်းမှ ငွေကြေးထောက်ပံ့ပေးနိုင်မည့် လယ်ယာနှင့် ထုတ်ကုန်လုပ်ငန်းနည်းပညာသစ်များ (ဥပမာ-ဖန်လုံအိမ်စိုက်ပျိုးခြင်း၊ ရာသီဥတုနှင့်ကိုက်ညီသော ရေသွင်းနည်းစနစ်၊ အသေးစား စက်မှုလုပ်ငန်း၊ စိုက်ပျိုးစီးပွားလုပ်ငန်း)အား မိတ်ဆက်ရာ၌ ငွေကြေးပံ့ပိုးသူများ၊ သွင်းအားစုပံ့ပိုးသူများ၊ လယ်ယာထုတ်ကုန်လုပ်ငန်းရှင်များနှင့် အစိုးရအဖွဲ့တို့အား ချိတ်ဆက်ပေးခြင်း။
- ထုတ်လုပ်မှုကို တိုးမြှင့်နိုင်ပြီး ထုတ်လုပ်မှု၌ စွန့်စားရမှုတို့အား လျှော့ချနိုင်ကာ တန်ဖိုးကွင်းဆက် အခွင့်အလမ်းများအား ပံ့ပိုးပေးနိုင်သော၊ သင့်တော်ရာနည်းပညာနှင့် လယ်ယာနည်းစနစ်များအား လယ်သမားများနှင့် စိုက်ပျိုးလယ်ယာစီးပွားရေးတို့ လက်လှမ်းမီနိုင်ရန် ကူညီပေးနိုင်သည့် နည်းပညာသစ်များနှင့် လိုက်လျောညီထွေဖြစ်အောင်ပြုပြင်ထားသော နည်းပညာများအကြောင်း နည်းပညာဆိုင်ရာအကြံပေးချက်များ ပံ့ပိုးပေးခြင်းနှင့် မြေဆီလွှာ ထိန်းသိမ်းခြင်း၊ ရေအရင်းမြစ်ထိန်းသိမ်း ခြင်းနှင့် အသေးစားလယ်သမားများ၏ လယ်ယာထွက်ကုန်များအား စျေးကွက်တင်ပို့ခြင်းတို့တွင် ကြုံတွေ့ရသော အခက်အခဲစိန်ခေါ်မှုများအား ဖြေရှင်းပေးခြင်း။
- အစိုးရဝန်ထမ်းများ၊ သွင်းအားစုပံ့ပိုးသူများ နှင့် လယ်သမားများအား အားထားရပြီး မြင့်မားသည့် အထွက်နှုန်းရရှိစေမည့် ရာသီဥတုနှင့်ကိုက်ညီသည့် စိုက်ပျိုးနည်းပညာများ နှင့်ဆိုင်သော လယ်ယာအကြံပေးဝန်ဆောင်မှု ပံ့ပိုးပေးခြင်း (ဥပမာ-မိုးရေသောက်စိုက်ပျိုးခြင်းအတွက် အဆင့်မြင့် စိုက်ပျိုးရိတ်သိမ်းနည်းစနစ်များ)အကြောင်း လေ့ကျင့်သင်တန်းပေးခြင်း။

## *အာဟာရဆိုင်ရာ(အပိုင်း-၅)*

အာဟာပြည့်ဝရေးနှင့် တိုက်ရိုက်ဆက်နွယ်သော လုပ်ဆောင်ချက်များ(ဥပမာ- WASH(ရေနှင့်သန့်ရှင်းရေး၊ မီးဖွားခြင်းအတွက် ငွေသားပေးအပ်မှု)ကိုပါ ပေါင်းစည်းလုပ်ဆောင်သော စီမံကိန်းများကို အားပေးသည်။

**အကျိုးရလဒ် - စီမံကိန်းမြို့နယ်(၆)မြို့နယ်တဝှမ်း ကလေးငယ်ကြီးထွားမှု နှောင့်နှေးခြင်းလျော့ကျလာမည်။**

- အာဟာရဆိုင်ရာ အမူအကျင့်များပြောင်းလဲမှု ဆက်သွယ်ရေးသည် ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်ရှိသော မိခင်များအား ရည်ရွယ်သည်။ အားပေးရမည့် အပြုအမူများတွင် မွေးကင်းစကလေးငယ်များအား မိခင်နို့ဦးရည်တိုက်ကျွေးခြင်း၊ (၆)လအထိ မိခင်နို့ရည်တစ်မျိုးတည်းသာ တိုက်ကျွေးခြင်း၊ မွေးကင်းစကလေးများနှင့် ကလေးငယ်များအတွက် အခြားကောင်းမွန်သင့်လျော်သော တိုက်ကျွေးခြင်းစနစ်များ၊ ဖောလစ်အက်စစ်နှင့် သံဓာတ်သောက်သုံးခြင်း အပါအဝင် ကိုယ်ဝန်ဆောင်မိခင်အတွက် အာဟာရပြည့်ဝသော အစားအစာများ၊ တကိုယ်ရေသန့်ရှင်းမှုအမူအကျင့်ကောင်းများနှင့် ကျန်မာရေးလိုက်စားသော အမူအကျင့်များ တိုးတက်လာခြင်း (ကိုယ်ဝန်ဆောင်စဉ်နှင့် မီးဖွားပြီး ကျန်းမာရေးစစ်ဆေးမှုရက်ချိန်းများအား သွားရောက်ခြင်း၊ ကလေးငယ် ဖျားနာမှုများအား မှန်ကန်ကောင်းမွန်စွာ ဂရုတစိုက်ကုသခြင်း အပါအဝင်)။
- အာဟာဆိုင်ရာ ဗဟုသုတ တိုးမြှင့်ပို့လိုက်နာရန် အမျိုးသမီးများအား အင်တိုက်အားတိုက် အားပေးရန် အတွက် ကိုယ်ဝန်ဆောင်အမျိုးသမီများ၊ မိခင်နို့တိုက်ကျွေးသော မိခင်များနှင့် အသက်(၂)အောက် ကလေးငယ်များအား ငွေကြေးပံ့ပိုးပေးအပ်ခြင်း - cash transfer (ရက် ၁၀၀၀ ကာလ)။
- အရည်အသွေးပြည့်မီသော သောက်ရေနှင့် အညစ်အကြေးစွန့်ပစ်စနစ်(အထူးသဖြင့် ကျေးရွာလူထုတစ်ရပ်လုံးကို လေဟာပြင်တွင် အညစ်အကြေးစွန့်ပစ်ခြင်းအား အပြီးတိုင်ဖယ်ရှားရန် တိုက်တွန်းနှိုးဆော်ခြင်း) တို့အား အိမ်ထောင်စုများလက်လှမ်းမီမှု တိုးတက်လာခြင်း။

## *ကြံ့ကြံ့ခံနိုင်မှုနှင့် ခံနိုင်ရည်မဲ့မှုလျော့ချခြင်း (အပိုင်း-၆)*

**အကျိုးရလဒ် - ဦးတည်ထားသော ကျေးရွာများမှ ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုများ၏ အခြေခံလိုအပ်ချက်များသည် လူမှုစောင့်ရှောက်ရေး လုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်ပေးခြင်းအားဖြင့် ဖြည့်ဆည်းပေးနိုင်မည်။**

- လူမှုစောင့်ရှောက်ရေး လုပ်ဆောင်ချက်များသည် (အလျဉ်းသင့်သလို ငွေကြေးလွှဲပြောင်းထောက်ပံ့ခြင်း အပါအဝင်)- ဒေသတွင်း မူလကတည်းကရှိသည့် လူမှုစောင့်ရှောက်ရေးလုပ်ငန်းပုံစံအား ရေရှည်တည်တံ့ ခိုင်မြဲ၍ လုပ်ငန်းအတိုင်းအတာပိုမိုကျယ်ပြန့်လာခြင်း။
- နိုင်ငံတော်အစိုးရမှ ဆောင်ရွက်လျက်ရှိသည့် မုချလိုအပ်ပြီး အဓိကကျသော လူမှုစောင့်ရှောက်ရေး ဝန်ဆောင်မှုများအား ရပ်ရွာလူထုအဖွဲ့အစည်းများက လက်လှမ်းမီနိုင်အောင် အကူအညီပေးခြင်း။
- ရေရှည်တည်မြဲသော ကျေးရွာအခြေပြု လူမှုစောင့်ရှောက်ရေးအစီအစဉ်များတွင် ကျေးရွာကော်မတီဝင်များနှင့် အစိုးရ ဌာနဆိုင်ရာဝန်ထမ်းများအား စွမ်းရည်မြှင့်တင်ခြင်း။

## ဆင်းရဲနွမ်းပါးသူများအား အကျိုးဖြစ်ထွန်းစေသောမူဝါဒဆိုင်ရာဆွေးနွေးခြင်း

အပူပိုင်းဇုံ စီမံကိန်းသည် နိုင်ငံတော်အစိုးရမူဝါဒများတိုးတက်ရေးနှင့် အကောင်အထည်ဖော်ရေးတို့တွင် ပူးပေါင်းပါဝင်ရန် အခွင့်အလမ်းများဖန်တီးပေးနိုင်သော၊ မူဝါဒသက်ရောက်မှုများပါဝင်သည့် အထောက်အထားနှင့် သင်ခန်းစာများအား ဖော်ထုတ်ပေးမည်။ အစိုးရ၏မဟာဗျူဟာများနှင့် မူဝါဒတော်တော်များများသည် ကိုက်ညီမှုရှိပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆင်းရဲမွဲတေမှုလျှော့ချရေး ဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ၊ National Action Plan on Agriculture၊[4]National Adaptation Programme of Action to Climate Change၊ MoLFRD၏ ကျေးလက်ဒေသဖွံ့ဖြိုးမှု မဟာဗျူဟာအခြေခံမူဘောင်၊ National Plan of Action for Food and Nutritionတို့အား အသုံးပြုထားချက်များကို ထည့်သွင်းနိုင်သည်။

စီမံကိန်းသည် တစ်နိုင်ငံလုံးအဆင့်၌ စားနပ်ရိက္ခာဖူလုံရေး လုပ်ငန်းအဖွဲ့-Food Security Working Group (FSWG)၊ မြေယာဗဟိုအဖွဲ့ (LCG)၊ စားနပ်ရိက္ခာဖူလုံမှုနှင့် ဈေးကွက်ဈေးနှုန်း သတင်းအချက်အလက်စနစ် (FSIN) (စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရဆိုင်ရာ ကွင်းဆင်းလေ့လာရေးများအတွက်)၊ Social Policy and Poverty Research Group (SPPRG)၊ အသေးစားချေးငွေ လုပ်ငန်းအဖွဲ့-Microfinance Working Group သို့မဟုတ် Business Innovation Facilityတို့နှင့် ဆက်သွယ်လုပ်ဆောင်သွားမည်ဖြစ်သည်။ စောင့်ကြည့်လေ့လာမှုနှင့် အကဲဖြတ်မှု များသာမက စွမ်းရည်မြှင့် သုတစနစ် (အထောက်အထား အခြေပြု သုတေသနပြုခြင်းအားဖြင့် သင်ခန်းစာများအား ရယူကြောင်းနှင့်ထိုသင်ခန်းစာများအား မိတ်ဖက်များ နှင့် သက်ဆိုင်ရာ အကျိုးတူပူးပေါင်းသူများအကြား ဝေမျှပြီးကြောင်း သေချာစေရန်)ကိုပါ ထည့်သွင်းမည်။

**ထို့ကြောင့် အဆိုပြုလွှာများအားလုံးသည်** ၎င်းတို့၏ လုပ်ဆောင်ချက်များမှ ရရှိလာသောလေ့လာချက်များအား မည်သို့ စစ်ဆေးစီစစ်မည့်အကြောင်း နှင့် အခွင့်အလမ်းများအား မည်သို့ဖော်ထုတ်ပြသမည့်အကြောင်း ရှင်းပြထားရမည်။ သင်ခန်းစာများအား သင့်တော်ရာမူဝါဒဖွံ့ဖြိုးတိုးတက်မှုနှင့် အကောင်အထည်ဖော်ခြင်းလုပ်ငန်းစဉ်များ (အစိုးရ၏ လုပ်ငန်းစဉ်များ-တိုင်း/ခရိုင်နှင့် ပြည်ထောင်စုအဆင့်၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် လူထုဖွံ့ဖြိုးမှုအပါအဝင်)သို့ ထည့်ဝင်ပံ့ပိုးပေးရန် ဖြစ်ပါသည်။

ဥပမာအားဖြင့်သင်ခန်းစာများအား အပူပိုင်းဇုန်မိတ်ဖက်များနှင့် အခြားသက်ဆိုင်ရာ အကျိုးတူပူးပေါင်းသူများအကြားနှင့် ကျော်လွန်၍ LIFT၏ စီမံကိန်းများအကြား ဝေမျှနိုင်သောပုံစံဖြင့် ကောက်ယူထားကြောင်း သေချာမှုရှိစေသည့် စွမ်းရည်မြှင့်သုတစနစ်တစ်ခုအား တည်ထောင်ခြင်း။

- IEC ပစ္စည်းများအား ထုတ်လုပ်ခြင်းနှင့် ဖြန့်ဝေခြင်း။

[4] The National Action Plan on Agriculture (NAPA) is under development by FAO and funded by LIFT.

- အထောက်အထားအခြေပြု အသိပညာဗဟုသုတများ ထုတ်လုပ်နိုင်ရန်၊ ထောက်ခံအားပေးမှု အစီအစဉ်များ ဖော်ထုတ်နိုင်ရန်နှင့် အဓိကဦးစားပေး မူဝါဒအရေးများအား ထောက်ကူပေးနိုင်ရန် မိတ်ဖက်အဖွဲ့များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် အစိုးရဌာနဆိုင်ရာများအား စွမ်းရည်မြှင့်တင် ပေးခြင်း။
- ဒေသတွင်းအုပ်ချုပ်မှုစနစ်အား တောင့်တင်းစေခြင်းနှင့် ဗဟိုမှအောက်သို့ ခွဲဝေဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များ-ဌာနဆိုင်ရာများနှင့်ချိတ်ဆက်မှု၊ ကျေးရွာများနှင့်မြို့နယ်များအကြား ပူးပေါင်းမှုနှင့် ဆက်သွယ်ရေး လမ်းကြောင်းများ အစရှိသည်တို့ တိုးတက်လာမှု နှင့် ကျေးရွာခေါင်းဆောင် စွမ်းမြှင့်တင်ပေးခြင်း၊စသည်
- အသေးစား လယ်သမားများ၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများနှင့်မြေယာမဲ့များ၏ ကိုယ်စားပြုအစုအဖွဲ့ များ၏ စိတ်ဝင်စားမှုများအား စီးပွားရေးနှင့် ထောက်ခံအားပေးရေး ရည်ရွယ်ချက်များဖြင့် ပံ့ပိုးပေးခြင်း။ (ဒေသတွင်း အရပ်ဘက်အဖွဲ့အစည်း လုပ်ဆောင်ချက် အစီအစဉ်များအား ပံ့ပိုးရန် LFT၏ အသေးစား ထောက်ပံ့ရန်ပုံငွေပေးရန် အလားအလာအား ဂရုပြုရန်)

## နောက်ဆက်တွဲ(၂)-အဆိုပြုလွှာများအတွက် သတ်မှတ်ပုံစံနှင့် လိုအပ်ချက်များ

အဆိုပြုလွှာသည် အောက်ဖော်ပြပါ သတ်မှတ်ပုံစံလိုအပ်ချက်များနှင့် ပြည့်စုံညီညွှတ်ရမည်။

တင်သွင်းမှုသည် ဤအဆိုပြုလွှာ ခေါ်ယူခြင်း၏ အဓိကအပိုင်း၌ ဖော်ပြခဲ့သည့်အတိုင်း အီးမေးလ်နှင့်သာမက စာရွက်စာတမ်းအပြည့်အစုံကိုပါ ရုံးသို့ ပေးပို့ရမည်ဖြစ်သည်။

စာမျက်နှာ (၂၅) ထက်မပိုစေရပါ။ Times New Roman ဖောင့်၊ ဆိုဒ် ၁၂ ကိုသာ အသုံးပြု၍ စာမျက်နှာပတ်လည် အနားသတ် ၁လက်မ အနည်းဆုံးခွာထားရမည်။) စာမျက်နှာနံပါတ်များပါရှိရမည်။ နောက်ဆက်တွဲများအဖြစ် အသေးစိတ်ချဉ်းကပ်ပုံများ၊ အသုံးပြုမည့်နည်းလမ်းများ၊ ရည်ညွှန်းချက်များ၊ မြေပုံများ အစရှိသည်ဖြင့် ပါဝင်နိုင်ပြီး နောက်ဆက်တွဲများသည်လည်း စာမျက်နှာ ၂၀ထက် မပိုရပါ။

အီးမေးလ်ဖြင့် ပေးပို့ရာတွင် ၅ မဂ္ဂါဗိုက်ထက်မကျော်ရပါ။

LIFTသည် အထက်ဖော်ပြပါ ပုံစံနှင့်စာမျက်နှာကန့်သတ်ချက်များနှင့် ကိုက်ညီသောအဆိုပြုလွှာများကိုသာ ဆက်လက်စဉ်းစားသွားမည်ဖြစ် ပြီး အခြားတင်သွင်းထားသော အချက်အလက်များအား လက်ခံစဉ်းစား မည်မဟုတ်ပါ။

တင်သွင်းလျှောက်ထားသူသည် အဆိုပြုထားသော စီမံကိန်းအား LIFTမှ ကောင်းမွန်စွာနားလည် အကဲဖြတ်နိုင်ရန် အတွက် လိုအပ်နိုင်သော သတင်းအချက်အလက်ဟူသမျှ ထည့်သွင်းနိုင်သည်။ ဤအပိုင်း၏ ကျန်ရှိသော အကြောင်းအရာများသည် LIFTမှ လျှောက်ထားသူများအားလုံး မဖြစ်မနေထည့်သွင်းရမည်ဟု သတ်မှတ်ထားသည့် အချက်အလက်များဖြစ်သည်။

အဆိုပြုလွှာများသည် အောက်ဖော်ပြပါအချက်များနှင့် ပြည့်စုံရမည်။

### မျက်နှာဖုံးစာမျက်နှာ

စီမံချက် ခေါင်းစဉ်၊ အမည်နှင့် တင်သွင်းသူ၏ ဆက်သွယ်ရန် လိပ်စာ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ လုပ်ဆောင်မည့်နေရာဒေသ၊ မျှော်မှန်းထားသည့် စီမံချက်သက်တမ်း၊ စတင်ချိန်နှင့်ပြီးစီးချိန်၊နှင့် စုစုပေါင်း လျာထားငွေ။

### နိဒါန်းစာမျက်နှာများ

မာတိကာ ဇယား၊ အတိုကောက်စာလုံး စာရင်း၊ မြေပုံ၊ အနှစ်ချုပ်တို့ ပါဝင်သည်။

## စီမံချက်နောက်ခံသမိုင်းနှင့် အခြေခံအကြောင်းအရာ

စီမံကိန်း၏မူရင်းစိတ်ကူးစိတ်သန်း၊ ပြဿနာ အခြေခံအကြောင်းအရာနှင့် စီမံချက်၏အဓိကအကြောင်းအရာ များအား ဖော်ပြပေးရမည်။ တင်သွင်းထားသော စီမံချက်သည် LIFT၏ မဟာဗျူဟာ၊ အပူပိုင်းဇုံ စီမံကိန်း၏ ဦးစားပေးအချက်များနှင့် မည်သို့ ဆက်စပ်မှုရှိပုံအချက်များကို တင်ပြ၍ အတွေ့အကြုံများမှ ရရှိခဲ့သောသင်ခန်းစာများနှင့် လေ့လာမှုများသည် စီမံကိန်း၏ပုံစံအား မည်သို့သက်ရောက်မှုရှိကြောင်းကို အကြမ်းဖျင်းတင်ပြပါ။ မိမိတို့သိရှိသလောက် လစ်ဟာမှု တစ်စုံတစ်ရာရှိပါက ဖော်ထုတ်တင်ပြပါ။ မြန်မာနိုင်ငံတော်အစိုးရ၏ ဖွံ့ဖြိုးရေးကဏ္ဍအတွက် ဦးစားပေးအချက်များ၊ အစီအစဉ်များနှင့် မည်သို့ လိုက်လျောညီထွေမှုရှိကြောင်း(မရှိပါက အဘယ်ကြောင့်ဖြစ်ကြောင်း)၊ တူညီသောနယ်ပယ်မှ အခြားဖွံ့ဖြိုးရေးလုပ်ဆောင်သူများ၏ဦးစားပေးလုပ်ဆောင်ချက်များနှင့်ပါ ညီညွတ်မှု ရှိ/မရှိ ရှင်းလင်း တင်ပြပါ။

အောက်ပါအချက်များပါဝင်သော အဆိုပြုလွှာအား ပြင်ဆင်စဉ်က အဓိကထားဆွေးနွေးခဲ့သော ရလဒ်များအား ထည့်သွင်း ဖော်ပြပါ။

- မည်သူနှင့် တိုင်ပင်ဆွေးနွေးခဲ့သနည်း (ဥပမာ- အခြားဖွံ့ဖြိုးရေးလုပ်ငန်းမိတ်ဖက်များ၊ အစိုးရဌာနများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ စသည်)
- စီမံချက်အနေအထားနှင့် ဆောင်ရွက်မည့်ပုံစံများနှင့် ပတ်သက် သော အကြောင်းကိစ္စများ
- အခြားသော အဓိကပူးပေါင်းပါဝင်သူများ၏ အမြင်ကို အနှစ်ချုပ်ဖော်ပြခြင်း။

## စီမံချက် ပြောင်းလဲမှုသီအိုရီ

ပြောင်းလဲမှုသီအိုရီ(အတွေးအခေါ်)အား ရုပ်ပုံကားချပ်ပုံစံနှင့် သိသာရှင်းလင်းစွာ ဖော်ပြရမည်။ အဆိုပါ ပြောင်းလဲမှု ဆိုင်ရာသီအိုရီသည် LIFT၏ ရလဒ်မူဘောင်(ရည်ညွှန်း-LIFTမဟာဗျူဟာ) နှင့် အပူပိုင်းဇုံစီမံကိန်း အခြေခံမူဘောင်၌ ဖော်ပြထားသည့်အတိုင်း အပူပိုင်းဇုံစီမံကိန်း နှင့် အဆိုပြုလွှာဖိတ်ခေါ်မှုတွင် အသေးစိတ် ဖော်ပြထားသော သက်ဆိုင်ရာ အပိုင်းလိုက် အကျိုးရလဒ်တို့နှင့် မည်မျှကိုက်ညီမှုရှိကြောင်း ရှင်းလင်းစွာ ဖော်ပြထား ရမည်။ စီမံချက်ကအောင်မြင် ရယူမည့်အရာသည် မည်သည့်အရာဖြစ်ကြောင်း တိကျသောအဆိုပြုချက်နှင့် စီမံချက် အကျိုးရလဒ်နှင့် တိုက်ရိုက်ရလဒ်များ၏ ဖော်ပြချက်ပါဝင်ရမည်။

တိုင်းတာမှုမှုများအား လိုအပ်ပါက LIFT ၏ logframe ကိုရည်ညွှန်း၍ [5]အဆိုပြုလွှာ၏ နောက်ဆက်တွဲစာမျက်နှာ၌ ဖော်ပြထားရမည်။

## လုပ်ငန်းဆောင်ရွက်မှုများ၊ နည်းပညာဆိုင်ရာ ချဉ်းကပ်မှု၊ နည်းစနစ်နှင့် လွှမ်းခြုံမှု

ဤအပိုင်းသည် စီမံကိန်းမှ ဦးတည်ထားသော နေရာဒေသများ(မြို့နယ်(များ)၊ ကျေးရွာအရေအတွက်၊ ကျေးရွာအမည်၊ တည်နေရာ၊ လူဦးရေ)နှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရရှိသော အကျိုးခံစားရရှိသူဦးရေ(သက်ဆိုင်ရာအုပ်စု အလိုက်ခွဲ၍) တို့ကို ဖော်ပြရမည်။ အကောင်အထည်ဖော်မည့် ရွာများသတ်မှတ်ထားပြီးဖြစ်ပါက ၎င်းရွာအမည်များနှင့် နေရာဒေသများကို ဖော်ပြရမည်။

[5] A measurement framework replaces LIFT's previous use of project logframes and identifies the project outcomes, outputs, indicators, targets, milestones and means of verification. A template is available with the CfP documents on the LIFT website.

*လုပ်ငန်းဆောင်ရွက်မှုနှင့် နည်းစနစ်ရှင်းလင်းဖော်ပြချက်*သည် **မည်သည်အရာအား မည်သို့သောနည်းနှင့်၊ မည်သူ များမှ မည်သည့် အချိန် တွင် မည်သည့်နေရာ**၌ လုပ်ဆောင်မည်ကို လုံလုံလောက်လောက် သေသေချာချာ ဖော်ပြထားရန် လိုအပ်သည်။ ဤနေရာတွင် မျှော်မှန်းထားသော ရလဒ်များရရှိနိုင်ရန်အတွက် လုပ်ဆောင်မည်အရာများအား နည်းပညာဆိုင်ရာချဉ်းကပ်မှု၊ နည်းစနစ်များနှင့်တကွ တိကျစွာရှင်းလင်းသော ဖော်ပြချက်များပါဝင်ရမည်။ လုပ်ငန်းလုပ်ဆောင်ချက်များ နှင့် အပူပိုင်းဇုံစီမံကိန်း၏ သက်ဆိုင်ရာအပိုင်းများအလိုက်အကျိုးရလဒ်များအကြား တွင် ရှင်းလင်းပြီး တိုက်ရိုက်ကျသော ဆက်စပ်မှုရှိကြောင်း အထောက်အထားနှင့်တကွ ရှိရမည်။ ဆိုလိုသည်မှာ အသုံးချမည့် နည်းပညာ၊ နည်းစနစ်များသည် မျှော်မှန်းထားသော ရလဒ်၊ အကျိုးကျေးဇူးများပေးနိုင်သော ဆောင်ရွက်မှုများဖြစ်ကြောင်း ရှင်းရှင်းလင်းလင်းဖော်ပြရမည်။

*အကျိုးတူပူပေါင်းပါဝင်သူများ ဆန်းစစ်ချက်*သည် တိုက်ရိုက် သို့မဟုတ်သွယ်ဝိုက်၍ရရှိမည့် အကျိုးခံစားခွင့်ရှိသူများနှင့် စိတ်ဝင်စားမှု နယ်ပယ်များအလိုက် ပါဝင်ကြသော အဖွဲ့အစည်းများနှင့် တသီးပုဂ္ဂလများအား ထည့်သွင်းဖော်ပြထားရမည်။

အောက်ဖော်ပြပါတို့သည်လည်း အရေးကြီးပါသည်။

- အစိုးရ နှင့် မည်သို့မည်ပုံ ပူးပေါင်းဆောင်ရွက်ပြီး ပုဂ္ဂလိကကဏ္ဍများနှင့် မည်သို့ချိတ်ဆက်သွားမည့် အကြောင်း တိကျရှင်းလင်းစွာဖော်ပြထားချက်၊
- ဒေသတွင်း အဖွဲ့အစည်းများ၏ ပါဝင်မှုအခန်းကဏ္ဍနှင့် အထောက်အပံ့တစ်စုံတစ်ရာ၊ အဖွဲ့အစည်းအသစ်များ တည်ထောင်ရန်ရည်ရွယ်ထားပါက ၎င်းတို့နှင့်ဆိုင်သည့်အသေးစိတ်ကို အကြောင်းပြချက်နှင့်တကွဖော်ပြရမည်၊
- ဖွဲ့စည်းပုံနှင့်ပါတ်သက်ပြီး အသစ်ပြင်ဆင်ရခြင်း၊ တိုးမြှင့်ခြင်းများရှိလာပါက ပါဝင်လာသော ရေရှည်ပံ့ပိုးမှုများ အကြောင်းထည့်သွင်းရှင်းလင်းရမည်။

*လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်အား* ရုပ်ပုံကားချပ်များပုံစံ(ဇယား၊LIFTမှ သတ်မှတ်ထားပုံစံဖြစ်ပါက ပိုကောင်းသည်)နှင့် ပေးပို့ပြီး နောက်ဆက်တွဲစာမျက်နှာများအဖြစ် ထည့်သွင်းနိုင်သည်။ ၎င်းသည် အဓိကလုပ်ဆောင်ချက်များ၊ အကောင်အထည်ဖော်မှုရည်မှန်းချက်ပန်းတိုင်များအား အစဉ်လိုက် ဖော်ပြရန်လိုပြီး နောက်ဆုံးအဆင့်အထိ တစ်ဆင့်ချင်းစီတိုင်းအတွက် စတင်အကောင်ထည်ဖော်မည့်ရက်၊ ပြီးစီးမည့်ရက်များပါ ဖော်ပြပေးရမည်။ လိုအပ်သလို အသေးစိတ်အချက်များ ပေးနိုင်ရမည်။ လုပ်ငန်းဆောင်ရွက်မှုပုံစံသည် အကောင်အထည်ဖော်မည့် အဆင့်တိုင်းနှင့် သဟဇာတဖြစ်ရန်လိုပြီး လုပ်ဆောင်ချက်များအားလုံးကို ရန်ပုံငွေရရှိသော စီမံချက် အစမှအဆုံးထိ ဂရုတစိုက်ဆောင်ရွက်သွားရမည်။ရာသီဥတုအပါအဝင် အခြား အဟန့်အတားဖြစ်စေနိုင်သောအချက်များလည်း ထည့်သွင်းစဉ်းစားထားရမည်။ လိုအပ်သော ရည်မှန်းချက်ပန်းတိုင်အလိုက် အစီရင်ခံစာများနှင့် စောင့်ကြည့်အကဲဖြတ်မှု ပြန်လည်သုံးသပ်ချက်များလည်း လုပ်ငန်းဆောင်ရွက်မှုပုံစံအတွင်းတွင် ပါဝင်ရမည်။

### တင်သွင်းသောအဖွဲ့ အစည်း၏ဖွဲ့စည်းပုံနောက်ခံသမိုင်းနှင့် ဂန်ထမ်းရေးရာ၊ စီမံအုပ်ချုပ်မှု/ပူးပေါင်းလက်တွဲမှုနှင့် မိတ်ဖက်ဖွဲ့စည်းမှု

ဤအပိုင်းတွင် အဆိုတင်သွင်းသော အဖွဲ့အစည်းတွင် အဆိုပြုသော စီမံကိန်းအား အောင်မြင်စွာ လုပ်ဆောင်ရန် အတွေ့အကြုံ၊ စွမ်းရည်နှင့် အမှန်တကယ်တာဝန်ယူလုပ်ဆောင်လိုစိတ်တို့ရှိကြောင်း ရှင်းရှင်းလင်းလင်း ဖော်ပြထားရမည်။ အောက်ပါအချက်များပါဝင်ရမည်-

- အဖွဲ့အစည်းအမျိုးအစား - လူထုအခြေပြုအဖွဲ့အစည်း၊ ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်း၊ သုတေသန သို့မဟုတ် လေ့ကျင့်ရေးသင်တန်း ကျောင်းစသည်ဖြင့် မည်သည့် အဖွဲ့အစည်းဖြစ်ကြောင်း၊
- ဖွဲ့စည်းချဉ်းကပ်ပုံ(အတွေးအခေါ်၊ယုံကြည်မှု) - အဖွဲ့အစည်း၏ ရည်ရွယ်ချက်နှင့် အဓိကလုပ်ဆောင်မှု များနှင့် သက်ဆိုင်ရာအတွေ့အကြုံများ၊
- တည်ထောင်မှုသက်တမ်းနှင့် ဥပဒေအရ တရားဝင်မှု - အစိုးရအသိအမှတ်ပြု မှတ်ပုံတင်ထားမှု၊
- အဖွဲ့အစည်း၏အတွင်း၊ အပြင်သို့ နည်းပညာ ကျွမ်းကျင်မှု ပျံ့နှံ့ရောက်ရှိမှု ရှိ/မရှိ
- မည်သည့်ရည်ရွယ်ချက်များနှင့် မည်သို့သောရည်ရွယ်ချက်ဖြင့် မည်သည့်ကာလကတည်းကစတင်ကြောင်း ရှင်းလင်းဖော်ပြချက် အစရှိသည်တို့ ဖြစ်သည်။

အကြီးတန်းဝန်ထမ်း(ပြည်တွင်း၊ ပြည်ပ)၊ (ဥပမာ-အဖွဲ့၏အကြီးအကဲ၊ စီမံချက် ညွှန်ကြားရေးမှူး၊ အကြီးတန်း နည်းပညာ အကြံပေး နှင့် ဘဏ္ဍာရေးမှူးချုပ်) အစရှိသောသူများ၏ ကိုယ်ရေးရာဇဝင်များပါ ပါဝင်သော စီမံကိန်း၏ ဖွဲ့စည်းပုံ အကျဉ်းချုပ်အား ထည့်သွင်းပေးရမည်။

စီမံကိန်းအကောင်အထည်ဖော်ခြင်းအတွက်လိုအပ်သော ကျွမ်းကျင်မှုများကို မည်သိုရယူမည်(ဆိုလိုသည်မှာ အဖွဲ့အစည်း အတွင်း၊ ပြင်ပအတိုင်ပင်ခံမှတဆင့်နှင့် မိတ်ဖက်ပူးပေါင်းမှုမှ) နှင့် အကောင်အထည်ဖော်ရာတွင် ၄င်းတို့ အခန်းကဏ္ဍများကို ရှင်းလင်းတင်ပြရမည်။ မိတ်ဖက်အဖွဲ့များသည် မည်သူဖြစ်ကြောင်း၊ ၎င်းတို့အားမည်သို့ သိရှိခဲ့ကြောင်း နှင့် ၎င်းတို့သည် မည်သို့ ပူးပေါင်းပါဝင်ကြမည့် အကြောင်းရှင်းပြပါ။ အဓိကလက်တွဲမည့်မိတ်ဖက်အဖွဲ့ အစည်းများ၏ စီမံချက်ပုံစံရေးဆွဲရာတွင် ၎င်းတို့ ပါဝင်ခဲ့ကြောင်းနှင့် တင်သွင်းသူနှင့် လက်တွဲလိုစိတ်ရှိကြောင်း ဖော်ပြချက်များပါဝင်သည့် စာတစ်စောင်အား ထည့်သွင်းဖော်ပြရမည်။

ဤအပိုင်းသည် စီမံအုပ်ချုပ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု အစီအဉ်များနှင့် ဒေသခံပြည်သူ၏ ပိုင်ဆိုင်မှုအား စီမံကိန်းမှ မည်သို့တိုးမြှင့်မည့်အကြောင်းများအား ရှင်းလင်းတင်ပြရမည်။

### အခြားဆက်စပ်လျက်ရှိသော အရေးကိစ္စများ

ဤအပိုင်းတွင် အဓိကယှက်နွယ်နေသောအရေးများအားဖော်ပြပြီး ၎င်းင်းတို့သည် စီမံကိန်းအပေါ် မည်သို့ သက်ရောက်မှု ရှိကြောင်းနှင့် မည်သို့ကိုင်တွယ်ဖြေရှင်းမည့်အကြောင်း(ဥပမာ-ကျားမရေးရာ၊ အာဟာရ၊ ရွှေ့ပြောင်းနေထိုင်ခြင်း၊ မသန်စွမ်းမှု အပါအဝင် လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး) ထည့်သွင်းတင်ပြရမည်။

### အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရေးအတွက် စွန့်စားရနိုင်ချေများ

စီမံချက်လုပ်ငန်းများမှ ပေါ်ထွက်လာနိုင်သည့် စွန့်စားရနိုင်ချေများ နှင့်/သို့မဟုတ် စီမံချက်မှ မျှော်မှန်းထားသည့် ရလဒ်များ မပေးနိုင်သည့်အခါ အဓိက စွန့်စားရနိုင်ချေအချက်များအား စာရင်းပြုစုဖော်ထုတ်ပါ။ ဌာနတွင်း အနေအထား (ဥပမာ-နည်းပညာအားဖြင့် သတ်မှတ်ထားသည့်အတိုင်း လုပ်ဆောင်နိုင်မှုမရှိခြင်း) နှင့်ပြင်ပအခြေအနေများ (ဥပမာ-အစိုးရ၏ မူဝါဒအပြောင်းအလဲများ)စသည်တို့ ထည့်သွင်းဖော်ပြရမည်။ လျှော့ပေါ့သက်သာစေမည့် နည်းဗျူဟာ များ၊ ဒီဇိုင်းပုံစံအတွင်း စွန့်စားရနိုင်ချေများ အားမည်သို့ သိရှိ ကိုင်တွယ်ဖြေရှင်းနိုင်ကြောင်း အချက်အလက် ပြုစုဖော်ပြ ရမည်။ အဆိုပြုလွှာမှ အခြေပြု ထားသော အဓိက**ယူဆချက်**များအား ထည့်သွင်းဖော်ပြရမည်။

## စောင့်ကြည့်သုံးသပ်အကဲဖြတ်ရေး(M&E)နှင့် အသိအမြင်ဗဟုသုတ စီမံခန့်ခွဲမှု

ဤအပိုင်းသည်LIFT၏ M&E/လေ့လာရေး လမ်းညွှန်ချက်အား လိုက်နာရမည်ဖြစ်သည်(LIFTဂက်ဘ်ဆိုဒ်မှ အဆိုပြုလွှာခေါ်ယူခြင်း စာတမ်းများအား ရည်ညွှန်းသည်)။ စီမံချက်များအားလုံးသည် အဓိက အစိတ်အပိုင်း (၃)ပိုင်းဖြစ်သော ၁) စီမံချက်၏ ပြောင်းလဲမှုဆိုင်ရာသီအိုရီ၊ ၂) စီမံချက်၏ သုံးသပ်အကဲဖြတ်ခြင်းနှင့် လေ့လာရေး အစီအစဉ်နှင့် ၃) စီမံချက် တိုင်းတာမှုအစီအစဉ်တို့ ပါဂင်သော M&E/လေ့လာသင်ယူရေး လမ်းညွှန်ချက်အား တင်သွင်းရမည်ဖြစ်သည်။

တင်သွင်းသူများက ကွင်းဆင်းရရှိသော အခြေခံအချက်အလက်များ(ဥပမာ- လုပ်ငန်းများလုပ်ဆောင်ရာတွင် ပါဂင်သော ကျေးရွာများ၊ အိမ်ထောင်စုများ၊ ကျား/မ ခွဲခြားဖော်ပြထားသော အချက်အလက်များ)အား တင်ပြရန်လိုအပ်ပြီး LIFT၏ logframeမှ အခြေခံထားသောအချက်အလက်ကောက်ယူမှုအား ရန်ပုံငွေ စီမံခန့်ခွဲသူ(FM)မှ တိုက်ရိုက်စီမံမည်ဖြစ်သည်။ စီမံချက်မှ ကတိပြုထားသည့် သီးခြားရလဒ်များနှင့် သက်ရောက်မှုများဖော်ပြသည့်LIFT M&E/ လေ့လာသင်ယူရေး လမ်းညွှန်ချက် ကိုမူ အစီရင်ခံရန်လိုအပ်သည်။

မူဘောင်သည် စီမံချက် အကောင်အထည်ဖော်ခြင်း၊ အပြီးသတ်ခြင်းများအတွက် လိုအပ်သော စောင့်ကြည့်လေ့လာ အကဲဖြတ်မှုများအား တည့်သွင်းစဉ်းစားရန်လိုအပ်သည်။ အောက်ဖော်ပြပါ အဓိက အချက်များအားကိုင်တွယ်ဖြေရှင်းရန် အကြံပြုထားသည်။

- သင့်လျော်သော စီမံချက် အခြေခံလေ့လာချက်များ ပြုလုပ်ရန်၊
- စီမံချက်၏ ရလဒ်များနှင့် သက်ရောက်မှုအား မည်သို့မည်ပုံ တိုင်းတာရန်၊
- တိုင်းတာမှုမူအရ ချမှတ်ထားသော ရည်မှန်းချက်ပန်းတိုင်များ၊ အဆင့်များရရှိမှုများအားဖြင့် စီမံချက်လုပ်ငန်းများလည်ပတ်မှုကို မည်သို့မည်ပုံ မျက်ခြေမပြတ်စောင့်ကြည့်နိုင်ရန်၊
- ရရှိလာသော တုံ့ပြန်ချက်များအရစီမံချက်ပုံစံနှင့်အစီအစဉ်များ၏ ကြားကာလ ညှိနှိုင်း ပြင်ဆင်ချက်များကို မည်သို့မည်ပုံလုပ်ဆောင်ရန် တို့ဖြစ်ပါသည်။

စီမံချက်၏ ရလဒ်နှင့် အဆင့်အလိုက်ပေးရန်ရှိသည်များအတွက် တိတိကျကျ တိုင်းတာမှုပြုနိုင်သောညွှန်းကိန်းများအား ထည့်သွင်းဖော်ပြပြီး စောင့်ကြည့်လေ့လာအကဲဖြတ်ရေး အခြေခံအုတ်မြစ်ကို ဖော်ဆောင်ရန်ဖြစ်သည်။ ဤညွှန်းကိန်း များအား ပြန်လည်ပြင်ဆင်၍ M&E/လေ့လာသင်ယူရေးလမ်းညွှန်ချက်နှင့်အတူ LIFTနှင့် အဆိုပြုလွှာတင်သွင်းသော အဖွဲ့အစည်းအကြား ရန်ပုံငွေသဘောတူညီမှုချုပ်ဆိုရာတွင် အရေးပါသော အစိတ်အပိုင်းဖြစ်လာမည်ဖြစ်သည်။

လေ့လာသုံးသပ်အကဲဖြတ်ရေးအစီအစဉ်သည် မည်သည့် တိုင်းတာချက်များအားဖြင့် အထောက်အထားအခြေပြု တွေ့ရှိမှတ်သားရမှုများကို စီမံကိန်းအကောင်အထည်ဖော်စဉ်ကာလတစ်လျှောက် ထုတ်ပြန်နိုင်ရန်နှင့် ပုံစံပြင်ဆင်ရာတွင် စီမံချက်စီမံခန့်ခွဲမှုအား သတင်းပေးပို့ခြင်း၊ အဓိကကျသော မူဂါဒပိုင်းဆိုင်ရာ တိုးတက်မှုနှင့်ထောက်ခံအားပေးမှု တို့တွင်ဤတွေ့ရှိချက်များအား ထည့်သွင်းအသုံးပြုနိုင်ရန် သေချာမှုရှိ ကြောင်း ရှင်းလင်းတင်ပြရမည်။

အဆိုပြုလွှာများသည် အောက်ပါအချက်များအပါအဂင် စီမံချက်အားအကောင်အထည်ဖော်ရာတွင် ရရှိမည့် စောင့်ကြည့် လေ့လာအကဲဖြတ်ရေး(M&E) စွမ်းရည်အားထည့်သွင်းဖော်ပြရမည်။

- အဆိုပြုလွှာများသည် အောက်ပါအချက်များအပါအဂင် စီမံချက်အားအကောင်အထည်ဖော်ရာတွင် ရရှိမည့် စောင့်ကြည့် လေ့လာအကဲဖြတ်ရေး(M&E) စွမ်းရည်အားထည့်သွင်းဖော်ပြရမည်။

- ရှိထားပြီးသော တိုင်းတာမှုဆိုင်ရာကျင့်ထုံးများ၊
- အသုံးပြုမည့် သတင်းအချက်အလက် စုဆောင်းသည့် စနစ် တို့ဖြစ်ပါသည်။

### စီမံချက်လျာထားငွေ ခွဲဝေအသုံးပြုမှု

လက်တွေ့ကျသော လျာထားဘတ်ဂျက် ဖော်ထုတ် စီမံခန့်ခွဲမှုသည် အောင်မြင်သော စီမံကိန်းတစ်ခု အကောင်ထည် ဖော်ဆောင်ရွက်နိုင်ရန်အတွက် အရေးကြီးသော အစိတ်အပိုင်းဖြစ်သည်။ ငွေကြေးစီမံခန့်ခွဲမှု ကိစ္စရပ်များအား ဂရုပြု အလေးထားမှုနှင့် ရိုးသားမှုများသည် စီမံချက် ထိရောက်မှုနှင့် သက်ရောက်မှုတို့အား ပိုမိုအားကောင်းစေပါသည်။

LIFTဝက်ဘ်ဆိုဒ်ပေါ်၌ ဖော်ပြထားသော လျာထားငွေ သတ်မှတ်ပုံစံအား အသုံးပြုရမည်။

စီမံကိန်း လျာထားအသုံးစရိတ်အား ရေးဆွဲရာတွင် အောက်ဖော်ပြပါ အရေးကြီးသော အခြေခံအချက်များအား သတိထား ရမည်။

- အဆိုပြုချက်တွင်ဖော်ပြထားသော ရလဒ်များထွက်ပေါ်ရေးနှင့် လုပ်ငန်းများအား ထိထိရောက်ရောက် ဆောင်ရွက် နိုင်ရေးတို့နှင့် တိုက်ရိုက်သက်ဆိုင်သော ကုန်ကျစရိတ်များကိုသာ ထည့်သွင်းရမည်။ အခြား ဆက်စပ်အသုံး စရိတ်များအတွက် အခြားရင်းမြစ်တစ်ခုခုမှ ရန်ပုံငွေရယူရမည်ဖြစ်သည်။ LIFT၏လုပ်ငန်းလည်ပတ်မှု လမ်းညွှန်မှLIFTသည် မည်သည်တို့အတွက် ရန်ပုံငွေ ထောက်ပံ့မှု ပြုနိုင်ခြင်း၊ မပြုနိုင်ခြင်းအား ကြည့်ရှုရန် ရည်ညွှန်းသည်။
- လျာထားချက်သည် စစ်မှန်၍ လက်တွေ့ကျရမည်။
- လျာထားချက်တွင် ရန်ပုံငွေခွင့်ပြုချက်ရထားသည့် စီမံချက်ကို စီမံခန့်ခွဲသည့် ကုန်ကျစရိတ်များ အားလုံး ပါဝင်ရမည်။ အထူးသဖြင့် စောင့်ကြည့်လေ့လာ အကဲဖြတ်ရေး စရိတ်များပါ ပါဝင်ရမည်။
- တဆင့်ခံကုန်ကျစရိတ်များကို တိုက်ရိုက်ကုန်ကျစရိတ်စုစုပေါင်း၏ ၆% အထိ ခွင့်ပြုထားပြီးLIFTမှ ထောက်ပံ့ပေးထားသည့် ရင်းနှီးမြှုပ်နှံမှု ငွေလုံးငွေရင်းမပါဝင်ပါ။
- လျာထားဘတ်ဂျက်စံနမူနာပုံစံတွင် ပါဝင်သော လျာထား စာရင်းများသည် အသုံးပြုရမည့် ငွေကြေးအား သက်ဆိုင်ရာသုံးစွဲရမည့် အုပ်စုအလိုက် ထည့်သွင်းစဉ်းစားရာတွင် အထောက်အကူ ဖြစ်စေမည့် ယေဘုယျ အမျိုးအစားများသာဖြစ်သည်။ ရည်မှန်းထားသော ကုန်ကျစရိတ်သည် မည်သည့် နမူနာအမျိုးအစားများတွင်မှ မပါဝင်ပါက အခြားကုန်ကျစရိတ်ခေါင်းစဉ်အောက်တွင် ထည့်၍ မည်သည့်အတွက် ကုန်ကျသည့်စရိတ် ဖြစ်ကြောင်းဖော်ပြပါ။
- လျာထားငွေစာရင်းတွင် ပါဝင်သောကိန်းဂဏန်းများသည် အဆိုပြုလွှာခေါင်းစဉ်၌ဖော်ပြထားသော ကိန်းဂဏန်း များနှင့် ကိုက်ညီမှုရှိရမည်။
- လျာထားငွေစာရင်းနှင့်အတူ ကုန်ကျစရိတ်များ၏ အသေးစိတ်အသုံးစာရင်းများကိုပါ ပူးတွဲဖော်ပြ ရမည်။ (ဥပမာ - ဝန်ထမ်း မည်မျှအတွက် ကွန်ပျူတာအလုံးရေမည်မျှလိုအပ်ကြောင်း၊ ဝန်ထမ်း ခရီးသွားစရိတ်များ အတွက် ကုန်ကျစရိတ်မည်မျှ စသည်)

ငွေကြေးနှင့် နည်းပညာအဆိုပြုချက်များသည်LIFTအား အဆိုပြုလွှာအတွက် သင့်လျော်ကိုက်ညီသော ငွေကြေးတန်ဖိုး ဆန်းစစ်မှုကို ပြုလုပ်နိုင်စေရန် ခိုင်မာစွာချိတ်ဆက်မှုရှိရမည်။LIFTမှ ရရှိသော ရန်ပုံငွေသည် အခြားရန်ပုံငွေများအတွက် သက်ရောက်မှုရှိစေနိုင်ကြောင်း ထင်ရှားစွာဖော်ပြနိုင်သော အဆိုပြုလွှာများ၊ ဘဏ္ဍာရေးရေရှည်တည်တံ့ခိုင်မြဲမှုဆီသို့ သိသိသာသော တိုးတက်မှုကိုပြသနိုင်သော အဆိုပြုလွှာများကို အားပေးကြိုဆိုပါသည်။ ကိုက်ညီမှုရှိ၍ ရိုးရှင်းသော ငွေကြေးတန်ဖိုးဆန်းစစ်မှု (VfM)အညွှန်းများအား ၎င်းတို့သည် အဓိပ္ပါယ်ပိုင်းဖုံစီမံကိန်း အကျိုးလဒ်များ၌ မည်သို့ ပါဝင်မှုရှိကြောင်းနှင့် ဖော်ပြထားပြီးသော စီမံချက်၏ အကျိုး၊ ရလဒ် တို့အပေါ်မူတည်ပြီး အဆိုပြုလွှာတွင် ထည့်သွင်းဖော်ပြရမည်။

## နောက်ဆက်တွဲ(၃) – LIFTမှ ရွေးချယ်ခြင်းအတွက် သတ်မှတ်ချက်များ

သုံးသပ်အကဲဖြတ်ကော်မတီ(EC)သည် အဆိုလွှာများအား သုံးသပ်အကဲဖြတ်မည်ဖြစ်သည်။ အဆိုပြုလွှာများ ကို အောက်ဖော်ပြပါ စိစစ်ရွေးချယ်ရေး သတ်မှတ်ချက်များနှင့်အညီ သုံးသပ်မှုပြုသွားမည်ဖြစ်သည်။

လျှောက်ထားတင်သွင်းသူများ သတိပြုရန်မှာ ဤသတ်မှတ်ချက်များသည် (၁) လျှောက်ထားမှုတွင် အဓိက အလေးပေးရမည့် အကြောင်း အရာအား လျှောက်ထားသူမှ ရှင်းလင်းဖော်ပြထားမှုရှိ၊ မရှိကို သိနိုင်ရန်၊ (၂) တင်းသွင်းမှုများအားလုံးကို အကဲဖြတ်စစ်ဆေးမှု စံနှုန်းများအားသတ်မှတ်ရန် ဖြစ်သည်။

ဒွိဟဖြစ်ဖွယ် မရှင်းလင်းမှုများသို့မဟုတ် အသေးစိတ်အချက်အလက်များလိုအပ်ပါက LIFT၏ အကဲဖြတ်အဖွဲ့ သည် တင်သွင်းသောအဖွဲ့အစည်းနှင့် တွေ့ဆုံ၍ ရှင်းလင်းချက်များတောင်းဆိုမည်ဖြစ်သည်။

## သုံးသပ်အကဲဖြတ်ခြင်း သတ်မှတ်ချက်များ

အကဲဖြတ်ကော်မတီသည် ၎င်းတို့၏ သုံးသပ်အကဲဖြတ်မှု နောက်ဆုံးရလဒ်ကို ဆုံးဖြတ်နိုင်ရန်အတွက် အောက်ဖော်ပြပါ အချက်များကို မေးမြန်းနိုင်သည်။

- *ပြီးပြည့်စုံမှု* - အဆိုပြုလွှာ၌ပါဝင်သော သတင်းအချက်အလက်များသည် သုံးသပ်အကဲဖြတ်မှုများ လုပ်ဆောင်ရန် ပြည့်စုံ လုံလောက်မှုရှိပါရဲ့လား။
- *ကိုက်ညီမှု* - ပြဿနာ၏အနက်ကိုဖွင့်ဟဖော်ဆောင်ခြင်းနှင့် စီမံကိန်း၏ အခြေခံအကြောင်းအရာတို့ မှာရှင်းလင်းပြတ်သားမှုရှိပါသလား၊ အဓိကကျသည့် အခက်အခဲကို ကိုင်တွယ်ဖြေရှင်းချက် ထုတ်ရာတွင် LIFT၏ မဟာဗျူဟာနှင့် ကိုက်ညီမှုရှိပါသလား။ အပူပိုင်းဇုန်၏ အခြေအနေကို ကောင်းစွာနားလည်မှုရှိသလား။ ဖွံ့ဖြိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် သင်ခန်းစာ ကောင်းများအားဖြင့် ပြည့်စုံမှုရှိပါသလား။ ပြောင်းလဲမှုသီအိုရီအား ရှင်းလင်းစွာဖော်ဆောင် နိုင်သလား။
- *ကျိုးကြောင်းညီညွတ်မှု* - ရှင်းလင်း၍ ယုတ္တိကျသော ရလဒ်ရှိပါသလား။ ရလဒ်များ၊ သတ်မှတ်ထားသည့် နောက်ဆုံးအဆင့်ဆောင်ရွက်ရန်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များ အပါအဝင် စီမံချက်း၏ မျှော်မှန်းရလဒ်များသည် LIFT၏ အပူပိုင်းဇုန် စီမံကိန်း၏ဖော်ပြထားသော ပြဿနာ/လိုအပ်ချက်များနှင့် ဆက်စပ်၍ တိကျစွာ ဖော်ထုတ်ထားပါသလား။ ဆောင်ရွက်ပုံစိတ်ကူး သည် ဖော်ပြထားသော အကျိုးရလဒ်များ ရယူနိုင်လောက်အောင် နည်းပညာ အရ ဖြစ်နိုင်စွမ်း ရှိပါလား။ ကောင်းမွန်သော ဖွံ့ဖြိုးရေး လုပ်ထုံးလုပ်နည်းများနှင့် သင်ခန်းစာများ ခြုံငုံပါဝင်မှု ရှိပါသလား။
- ချဉ်းကပ်မှုပုံစံနှင့် *နည်းစနစ်များ* - စီမံချက်၏ ချဉ်းကပ်ပုံနည်းလမ်းများသည် ခေတ်မီ၍ အမှန်တကယ် အလုပ်ဖြစ်၍ သင့်လျော်မှုရှိပါသလား။ နည်းစနစ်များသည် အရင်ရရှိခဲ့ သော အတွေ့အကြုံများ၊ အထောက်အထားအခြေခံပြု အသိပညာဗဟုသုတများအပေါ် အခြေခံ ထားခြင်းဟုတ်ပါသလား။
- *အကျိုးတူ ပူးပေါင်းပါဝင်သူများ ဆန်းစစ်မှု* - ဦးတည်ထားသော အဖွဲ့များ၏ အနက်အဓိပ္ပါယ်အား ရှင်းလင်းစွာဖော်ပြထားပြီး အကျိုးတူပူးပေါင်းပါဝင်သူများနှင့်ဆိုင်သော ဆန်းစစ်ချက်များ ရှိပါသလား။ အဓိက အကျိုးတူပူးပေါင်းပါဝင်သူများ၏ ပိုင်ဆိုင်မှုနှင့် ပါဝင်ပတ်သက်မှုသည် မည်သည့်အတိုင်းအထိ ထင်သာမှုရှိသနည်း။ စီမံကိန်းသည် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍများနှင့် မည်သို့မည်ပုံ ပူးပေါင်း ဆောင်ရွက်မည့်အကြောင်းမှာ ရှင်းလင်းမှုရှိပါသလား။
- *ရေရှည်တည်မြဲမှု* - ရန်ပုံငွေထောက်ပံ့မှုကာလ ကျော်လွန်သည့်တိုင်အောင် အဆိုပြုထားသည့် ရလဒ်များ၊ သက်ရောက်မှုများ ရေရှည်တည်မြဲနိုင်သည့် အခြေအနေကောင်းဖြစ်ကြောင်းကို စီမံကိန်းမှ ဖော်ဆောင်ပါသလား။ ဆုတ်ခွာမည့် မဟာဗျူဟာအား ပြင်ဆင်ထားပါပြီလား။

- *စွမ်းဆောင်ရည်* - အဆိုပြုလွှာတင်သွင်းသော အကောင်အထည်ဖော်မည့် အဖွဲ့အစည်းနှင့် ၎င်း၏ မိတ်ဖက်အဖွဲ့အစည်းတို့၌ စီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာ ကျွမ်းကျင်မှု နှင့် စွမ်းဆောင်ရည်များ ရှိပါသလား။
- *မိတ်ဖွဲ့ပူးပေါင်းမှု* - မိတ်ဖက်အဖွဲ့ အစည်းများနှင့် အကျိုးတူပူးပေါင်းပါဝင်သူများအကြား အုပ်ချုပ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပုံစံနစ်များသည် သင့်တော်မှုရှိပါသလား။ မိတ်ဖက်များ၏ အခန်းကဏ္ဍနှင့် ပါဝင်မှုသည် တိကျရှင်းလင်း၍ ထိရောက်မှုရှိပါသလား။
- *အခြားဆက်စပ်နေသောကိစ္စရပ်များ* - ကျား/မရေးရာ၊ အာဟာရ၊ ရွှေ့ပြောင်းနေထိုင်မှုများ၊ လူ့အခွင့်အရေး၊ မသန်စွမ်းနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များအား ထည့်သွင်း စဉ်းစားထားပါသလား။ အာဟာရဓာတ်ပြည့်ဝရေး အလေးပေးသော သင့်တော်သည့် ချဉ်းကပ်မှု ပါဝင်ကြောင်း ပေါ်လွင်ပါသလား။ စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေးအပေါ်တွင် မည်မျှ သက်ရောက်မှုရှိပါသနည်း။
- *စွန့်စားရမှုများ* - အဆိုပြုလွှာတွင် အဓိကကျသော စွန့်စားရနိုင်ချေရှိမှုများအား တွက်ဆ၍ တိကျ ရှင်းလင်းသော စွန့်စားရနိုင်ချေ စီမံခန့်ခွဲမှုအစီအစဉ်များ ပါဝင်ပါသလား။
- *စောင့်ကြည့် အကဲဖြတ်ခြင်း* - စောင့်ကြည့်အကဲဖြတ်/လေ့လာရေးမှု ပါဝင်မှုရှိမရှိနှင့် စီမံချက်၏ အတိုင်းအတာ၊ အမျိုးအစားနှင့် ကိုက်ညီမှုရှိမရှိ။ အပူပိုင်းဇုန် စီမံကိန်း၏ ပြောင်းလဲမှုသီအိုရီ၊LIFT၏ မူဘောင်တို့နှင့် ညီညွတ်မှုရှိမရှိ။ အကဲဖြတ်သုံးသပ်ရေးနှင့် လေ့လာသင်ယူရေး အဓိကမေးခွန်းများ အား ဖော်ပြထားပါသလား။ စီမံချက်ရလဒ်များနှင့် နောက်ဆုံးအဆင့်ဆောင်ရွက်ရန် လိုအပ်ချက် များအား တိုင်းတာရန် SMART အညွှန်းကိန်းများအား သတ်မှတ်ဖော်ပြထားပါသလား။
- မူဝါဒဆွေးနွေးချက် - စီမံကိန်းသည် မူဝါဒဆွေးနွေးချက်နှင့်အပြောင်းအလဲများတွင် အထောက်အကူဖြစ်စေမည့် လုံလောက်သော လွှမ်းခြုံမှုအား ပေးနိုင်သလား။
- လျာထား*ဘတ်ဂျက်* - လျာထားဘတ်ဂျက်သည် စီမံချက်အတွက် ငွေကြေးနှင့်ညီသောတန်ဖိုးနှင့် ကုန်ကျစရိတ်ကာမိအောင် ထိရောက်မှုရှိပါလား။ အကျိုးရလဒ်များအားရရှိရန် လုံလောက်မှုရှိမရှိ။ စွမ်းရည်တည်ဆောက်မှု၊ လေ့လာသင်ယူခြင်းနှင့် စောင့်ကြည့်အကဲဖြတ်လုပ်ငန်းများအတွက် လုံလောက်သော ဘတ်ဂျက်လျာထားမှုရှိမရှိ။

## နောက်ဆက်တွဲ(၄)-ရည်ရွယ်သတ်မှတ်ထားသော ကျေးရွာစာရင်း။

အပူပိုင်းဇုံ ၆ မြို့နယ်ရှိ မြို့နယ်တစ်ခုစီတိုင်းတွင် LIFT မှ ထောက်ပံ့ပေးရန် လိုအပ်သည့် ဦးစားပေးကျေးရွာ (၃၀) စာရင်းကို ပြုစုထားသည်။

ရွေးချယ်မှုအတွက် အဓိကလိုအပ်ချက်များမှာ -

- ကျေးရွာများသည် ဖွံ့ဖြိုးပြီး (သို့) ကျေးရွာကြီးများ မဖြစ်ရ (ဆိုလိုသည်မှာ အပူပိုင်းဒေသရှိ ဖွံ့ဖြိုးပြီး ကျေးရွာများသည် အိမ်ထောင်စုဦးရေ ၁၀၀၀ ထက်ပို၍ ရှိနိုင်သည်) သို့သော်ငြားလည်း ထိုအရေအတွက်၏ အထက် သို့ အောက် တွင် ရှိရမည်ဟု တရားသေ သတ်မှတ်မထားပါ။
- ကျေးရွာများသည် မြို့ပြအဆင့်ဖွံ့ဖြိုးနေသောနေရာဒေသများတွင် မရှိရ။
- စီမံချက်ထိထိရောက်ရောက်ထောက်ပံ့မှုမရရှိထားသောရွာများဖြစ်ရမည်။
- အပူပိုင်းဇုံစီမံကိန်းမှ အဆိုပြုထားသော LIFT ၏ လုပ်ဆောင်ချက်များ (ဥပမာ - ရေရရှိခြင်း၊ ရေမရရှိခြင်း၊ မွေးမြူရေး) အား ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းရှိသည့် ရွာများဖြစ်ရမည်။
- မြို့နယ်အတွင်းတွင် ကျေးရွာတစ်စုတစ်စည်းတည်းဖြစ်စေမည့် ရွာများကို ရွေးချယ်ရမည်။

ဤစာရင်းကိုအခြေခံ၍ ဆွေးနွေးမှုများ ပြုလုပ်သွားမည်။ ရွာအမည် နှင့် ရွာအရေအတွက်များသည် နောက်ဆုံးမဟုတ်သေးသော်လည်း မြို့နယ်တစ်ခုချင်းစီ၏ အုပ်ချုပ်ပုံအရ ဦးတည်ထားသည့် ရွာများကို တွေ့မြင်နိုင်မည်ဖြစ်သည်။

စာရင်းများသည် စီမံကိန်း၊ စိုက်ပျိုးရေး၊ ကျေးလက်ဖွံ့ဖြိုးမှု၊ မွေးမြူရေး ဦးစီးဌာနများရှိ တာဝန်ရှိပုဂ္ဂိုလ်များမှ ဖော်ထုတ်ထားခြင်းဖြစ်ပြီး အချို့တွင် မြို့နယ်ဖွံ့ဖြိုးမှုပံ့ပိုးမှုကော်မတီ (သို့) မြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်တိုင် ပါဝင်ဖော်ထုတ်ပေးခဲ့ခြင်းမျိုးလည်း ရှိသည်။

### LIFT ၏ အပူပိုင်းဇုံဒေသ (၆) မြို့နယ်

| Region | Township | Sr | Village Tracts | Village |
|---|---|---|---|---|
| Magway | Pakokku | 1 | Pa Daing Chone | Hpone Kan (East) |
| Magway | Pakokku | 2 | Pa Daing Chone | Myauk Lu Kan |
| Magway | Pakokku | 3 | Myo Khin Thar | Tha Yet Pin Su |
| Magway | Pakokku | 4 | Myin Kyun | Thein Kone Ma Yoe Kone |
| Magway | Pakokku | 5 | Mei Za Li Pin Kone | Le Chaung Pauk |
| Magway | Pakokku | 6 | Kamma | Chaung U To |
| Magway | Pakokku | 7 | Kan Taw | Kan Taw |
| Magway | Pakokku | 8 | Kan Taw | Nga Hpaung Kan |
| Magway | Pakokku | 9 | Kun Ywa | Khauk U Thar |
| Magway | Pakokku | 10 | Kun Ywa | Lay Lan Kywin |
| Magway | Pakokku | 11 | Kun Ywa | Kyun Pu Lu |
| Magway | Pakokku | 12 | Kan Yat Gyi | Hpone Kan (West) |
| Magway | Pakokku | 13 | Nyaung Pin Hla | U Yin Taung Su |
| Magway | Pakokku | 14 | Yae Myet | Yae Myet |
| Magway | Pakokku | 15 | Tin Gat | Yar Kyaw Khon, Lat Pa Khon |
| Magway | Pakokku | 16 | Zee Taw/ Yae Le | Bon Tar/ Yae Le Zee Taw |
| Magway | Pakokku | 17 | Nyaung Pin | Nyaung Pin |
| Magway | Pakokku | 18 | Chauk Kan | Ma Gyi Koe Pin |
| Magway | Pakokku | 19 | Kyun Nyo Gyi | Kyat Tan Kone |
| Magway | Pakokku | 20 | Kyun Nyo Gyi | Kyun U |
| Magway | Pakokku | 21 | Sa Bay | Sa Bay (East) |
| Magway | Pakokku | 22 | Ma Gyi Thone Pin | Than Bo |
| Magway | Pakokku | 23 | Ma Gyi Thone Pin | Ma Gyi Thone Pin |
| Magway | Pakokku | 24 | Kya Htoe | Ohn Taw |
| Magway | Pakokku | 25 | Myit Chay | Yae Cho/ San Pya |
| Magway | Pakokku | 26 | Let Pan Kyun/ Ku Kyun | Let Pan Kyun |
| Magway | Pakokku | 27 | Kya Htoe | Ah Nauk Kone |
| Magway | Pakokku | 28 | Ma Gyi Pin Pu | Hnaw Kone |
| Magway | Pakokku | 29 | Kan Yat Gyi | Kan Yat Gyi |
| Magway | Pakokku | 30 | Ma Gyi Pin Pu | Daung Sar |
| Magway | Yesagyo | 1 | Myay Hpyu Kyi | Myay Hpyu Kyi |

| | | | | |
|---|---|---|---|---|
| Magway | Yesagyo | 2 | Myay Hpyu Kyi | Thae Pon (East) |
| Magway | Yesagyo | 3 | Myay Hpyu Kyi | Thae Pon (West) |
| Magway | Yesagyo | 4 | Sar Lin Kone | Sar Lin Kone |
| Magway | Yesagyo | 5 | Sar Lin Kone | Sat Thwar |
| Magway | Yesagyo | 6 | Sar Lin Kone | Ah Nyar Taw |
| Magway | Yesagyo | 7 | Ywa Nge (Aung Nan) | Thaw Kei Ba |
| Magway | Yesagyo | 8 | Ywa Nge (Aung Nan) | Kyauk Hle Bee |
| Magway | Yesagyo | 9 | Htan Nge Taw | Kyauk Htat |
| Magway | Yesagyo | 10 | Htan Nge Taw | Zee Taw |
| Magway | Yesagyo | 11 | Htan Nge Taw | Htan Nge Taw |
| Magway | Yesagyo | 12 | Htan Nge Taw | Oke Kan |
| Magway | Yesagyo | 13 | Htan Nge Taw | Kun Thee Kun |
| Magway | Yesagyo | 14 | Kaing Ma Kyi | Sin Tan Nar |
| Magway | Yesagyo | 15 | Tha Yet Pin Kan | Tha Yet Pin Kan |
| Magway | Yesagyo | 16 | Tha Yet Pin Kan | Ywa Thar Aye |
| Magway | Yesagyo | 17 | Tha Yet Pin Kan | Htan Pin Chaung |
| Magway | Yesagyo | 18 | Kyauk Kar | Kyauk Kar |
| Magway | Yesagyo | 19 | Kyauk Kar | Kyauk Ta Gar |
| Magway | Yesagyo | 20 | Kyauk Kar | Gway Pin Yar (South) |
| Magway | Yesagyo | 21 | Kyauk Kar | Gway Pin Yar (North) |
| Magway | Yesagyo | 22 | Kyauk Kar | Chin Yar Kone |
| Magway | Yesagyo | 23 | Htan To | Htan To |
| Magway | Yesagyo | 24 | Htan To | Myit Hla Chaung |
| Magway | Yesagyo | 25 | Min Kan | Min Kan |
| Magway | Yesagyo | 26 | Min Kan | Taung Sin |
| Magway | Yesagyo | 27 | Taung U | Myay Ma Hla |
| Magway | Yesagyo | 28 | Khin Mon (Khway Hmyoke) | Yar Gyi Kone |
| Magway | Yesagyo | 29 | Tha Pyay Pin | Thein Kone |
| Magway | Yesagyo | 30 | Myay Hpyu Kyi | Kan Ma Taw |
| Mandalay | Mahlaing | 1 | Oke Gyi | Gway Kone |
| Mandalay | Mahlaing | 2 | Oke Gyi | Oke Ka Lay |
| Mandalay | Mahlaing | 3 | Hpyauk Seik Kone | Aye Than Pin |
| Mandalay | Mahlaing | 4 | Kyat Se | Kan Ywar |
| Mandalay | Mahlaing | 5 | Yar Gyi Kone | Gway Nyo Win |
| Mandalay | Mahlaing | 6 | Hpyauk Seik Kyin | Myay Ni Kone |
| Mandalay | Mahlaing | 7 | Min U Hleit | Kauk Kwayt Kone |
| Mandalay | Mahlaing | 8 | Min U Hleit | Hta Naung Kyin |
| Mandalay | Mahlaing | 9 | Tha But Kone | Shwe Su Khin |
| Mandalay | Mahlaing | 10 | Lel Byar | Khawng Taw Kone |
| Mandalay | Mahlaing | 11 | Kyauk Tan | Mon Kan |
| Mandalay | Mahlaing | 12 | Yae Htwet | Hpan Khar Pin |
| Mandalay | Mahlaing | 13 | Yae Ni | Let Pan Sauk |
| Mandalay | Mahlaing | 14 | Kan Bar Hpyu | Tha Hpan Kan |
| Mandalay | Mahlaing | 15 | Wan Be Lu | Yet Kan (or) Ywar Than Shay |

| | | | | |
|---|---|---|---|---|
| Mandalay | Mahlaing | 16 | Tha Pay Pin | Than Pu Yar Kan |
| Mandalay | Mahlaing | 17 | Kywe Chan | Kyar Pwar |
| Mandalay | Mahlaing | 18 | Bauk Khway Taw | Ku Ni |
| Mandalay | Mahlaing | 19 | Nyaung Oke | Chin Hlar |
| Mandalay | Mahlaing | 20 | Thet Kei Kyin | Bwet Nge |
| Mandalay | Mahlaing | 21 | Let Swayt | Chin Hlar (Ywar Thit) |
| Mandalay | Mahlaing | 22 | Yae Ngan | Bu Taung Chaung (East) |
| Mandalay | Mahlaing | 23 | Myauk Lel | Zee Kone |
| Mandalay | Mahlaing | 24 | Nat Sin Kone | Ngar Ta Pon (South) |
| Mandalay | Mahlaing | 25 | Oke Hpo Kan | Ohn Hne Su |
| Mandalay | Mahlaing | 26 | War Khwa | Kan Swei |
| Mandalay | Mahlaing | 27 | Hma Yoe | Kan Thit |
| Mandalay | Mahlaing | 28 | Hpet Kone | Ku Ni |
| Mandalay | Mahlaing | 29 | Htan Ma Gyi | Kyoe Kyar U |
| Mandalay | Mahlaing | 30 | Ywar Thit | Nyan Kan |
| Mandalay | Myingyan | 1 | Kun Saik | Kun Saik |
| Mandalay | Myingyan | 2 | Kun Saik | Ma Gyi Tha Myar |
| Mandalay | Myingyan | 3 | Ywar Si | Thein Ywar |
| Mandalay | Myingyan | 4 | Chay Say | Chay Say |
| Mandalay | Myingyan | 5 | Thea Hpyu Wa | Thae Hpyu Wa |
| Mandalay | Myingyan | 6 | Thea Hpyu Wa | Kyee Pin |
| Mandalay | Myingyan | 7 | Zee Taw | Zee Taw |
| Mandalay | Myingyan | 8 | Zee Taw | Hta Naung Pin Su |
| Mandalay | Myingyan | 9 | Daung Thit | Tan Zaung |
| Mandalay | Myingyan | 10 | Gyoke Pin | Gyoke Pin |
| Mandalay | Myingyan | 11 | Hta Naung Kone | Taung Poet Thar |
| Mandalay | Myingyan | 12 | Hta Naung Kone | Hta Naung Kone |
| Mandalay | Myingyan | 13 | Hta Naung Taing | Ywar Thar Kone |
| Mandalay | Myingyan | 14 | Pin Lel | Pin Lel |
| Mandalay | Myingyan | 15 | Pin Lel | Te Gyi |
| Mandalay | Myingyan | 16 | Pin Lel | Ywar Thar Aye |
| Mandalay | Myingyan | 17 | Ngar Nan | Myit Thar |
| Mandalay | Myingyan | 18 | Nwar Bu Aing | Thet Kel Kyin |
| Mandalay | Myingyan | 19 | Pyawt | Myin Thar |
| Mandalay | Myingyan | 20 | Sar Kyu | Sar Kyu |
| Mandalay | Myingyan | 21 | Kyi | Kyi |
| Mandalay | Myingyan | 22 | Kyar Taing | Kya Taing |
| Mandalay | Myingyan | 23 | Kan Taw | Za Latt Kone |
| Mandalay | Myingyan | 24 | Gint Ge | Gint Ge |
| Mandalay | Myingyan | 25 | Koke Ke | Koke Ke |
| Mandalay | Myingyan | 26 | Hpet Pin Aing | Hpet Pin Aing |
| Mandalay | Myingyan | 27 | Hpet Pin Aing | Kyauk Taing |
| Mandalay | Myingyan | 28 | Sin Chaung | Sin Chaung |
| Mandalay | Myingyan | 29 | Aint Ma | Aint Ma |

| | | | | |
|---|---|---|---|---|
| Mandalay | Myingyan | 30 | Yon Htoe | Yon Htoe |
| Mandalay | Natogyi | 1 | Ywa Gyi | Yoe Ma |
| Mandalay | Natogyi | 2 | Thu Soe | Thu Soe |
| Mandalay | Natogyi | 3 | Si Thar | Hpaung Kyin (North) |
| Mandalay | Natogyi | 4 | Su Hpyu Kone | Taw Way |
| Mandalay | Natogyi | 5 | Su Hpyu Kone | Kya Twin Boe |
| Mandalay | Natogyi | 6 | Su Yit Kone | Su Yit Kone |
| Mandalay | Natogyi | 7 | Taw Zauk | Taw Zauk |
| Mandalay | Natogyi | 8 | Myet Shu | Aung Chan Thar |
| Mandalay | Natogyi | 9 | Wet Lu | Kan U |
| Mandalay | Natogyi | 10 | Thin Tee | Tha Nat Khar Taw |
| Mandalay | Natogyi | 11 | Nyaung Pin Thar | Nyaung Pin Thar |
| Mandalay | Natogyi | 12 | Nyaung Pin Thar | Na Be Thar |
| Mandalay | Natogyi | 13 | Nyaung Pin Thar | Oke Shit Kyin |
| Mandalay | Natogyi | 14 | Khat Lan | Ywar Thit |
| Mandalay | Natogyi | 15 | Zee Kan | Thar Si Lay (South) |
| Mandalay | Natogyi | 16 | Zee Kan | Zee Kan |
| Mandalay | Natogyi | 17 | Zee Kan | Let Pan |
| Mandalay | Natogyi | 18 | Aung Pan Kone | Thu Htay Kone |
| Mandalay | Natogyi | 19 | Aung Pan Kone | Si Pin |
| Mandalay | Natogyi | 20 | Hpa Lan Kone | Hpa Lan Kone |
| Mandalay | Natogyi | 21 | Kyar Pwar | Ma Gyi Kone |
| Mandalay | Natogyi | 22 | Mya Wa Di | Yoe Pyar |
| Mandalay | Natogyi | 23 | Ka Daung | Shwe Pyi Thar |
| Mandalay | Natogyi | 24 | Ka Nar | Yae Dwin Gyi |
| Mandalay | Natogyi | 25 | Ka Nar | Htan Taw Kone |
| Mandalay | Natogyi | 26 | Pe Chet | Na Be Myit |
| Mandalay | Natogyi | 27 | Kan Gyi | Than Pin Hla |
| Mandalay | Natogyi | 28 | Pya Yar Chaung | Thin Ta Par |
| Mandalay | Natogyi | 29 | Ta Pei | Thae Taw Kan |
| Mandalay | Natogyi | 30 | Kyaung Nan | Ku Kone |
| Mandalay | Taungtha | 1 | Ma Gyi Pin Te | Pe Khin Kyaw |
| Mandalay | Taungtha | 2 | Ma Gyi Pin Te | Ma Gyi Pin Te |
| Mandalay | Taungtha | 3 | Ma Gyi Pin Te | Yan Kin Thar Si |
| Mandalay | Taungtha | 4 | Oe Bo | May Phyu Gone |
| Mandalay | Taungtha | 5 | Kan Sint | Kan Sint |
| Mandalay | Taungtha | 6 | Aung Thar | Aung Thar |
| Mandalay | Taungtha | 7 | Kyauk Chaw | Kyauk Chaw |
| Mandalay | Taungtha | 8 | Dan Daing | Dan Daing |
| Mandalay | Taungtha | 9 | Than Bo | Than Bo |
| Mandalay | Taungtha | 10 | Let Pan Taw | Let Pan Taw |
| Mandalay | Taungtha | 11 | Yae Khar | Yae Khan |
| Mandalay | Taungtha | 12 | Ta Pauk Kone (Shwe Pyay Taw) | Ta Pauk Kone (Shwe Pyay Taw) |

| | | | | |
|---|---|---|---|---|
| Mandalay | Taungtha | 13 | Te Gyi Kone | Pu Khet |
| Mandalay | Taungtha | 14 | Sea Mee Kan | Ma Gyi Pan |
| Mandalay | Taungtha | 15 | Lei Kwat Gyi | Lei Kwat Gyi |
| Mandalay | Taungtha | 16 | Yone Taw | Yone Taw |
| Mandalay | Taungtha | 17 | Ma Gyi Cho | Ma Gyi Cho |
| Mandalay | Taungtha | 18 | Taung Lulin | Taung Lulin |
| Mandalay | Taungtha | 19 | Wae Laung | Kan Ni |
| Mandalay | Taungtha | 20 | Khan Pin | Khan Pin |
| Mandalay | Taungtha | 21 | Aye Ywar | Aye Ywar |
| Mandalay | Taungtha | 22 | Hle Pwe Kone | Hle Pwe Kone |
| Mandalay | Taungtha | 23 | Wea Laung | Aung Chan Thar |
| Mandalay | Taungtha | 24 | Own Kyin | Own Kyin |
| Mandalay | Taungtha | 25 | Aye Chan Thar | Taung Lay Kun |
| Mandalay | Taungtha | 26 | Gyi Pin Te | Gyi Pin Te |
| Mandalay | Taungtha | 27 | Gyi Pin Te | Na Gar Bo |
| Mandalay | Taungtha | 28 | Kyauk Yin | Kyauk Yin |
| Mandalay | Taungtha | 29 | Kyauk Yin | Nayaung To |
| Mandalay | Taungtha | 30 | Hnin Ywa | Hnin Ywa |